# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 April 2024 ၁၁၄၃၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လာမယ့်နှစ်သစ်မှာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်က ဆက်လက်လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်

## မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား



ယနေ့ကျရောက်တဲ့ မြန်မာနှစ်သစ်ကူး အခါသမယမှာ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ တိုင်းရင်းသား ပြည်သူအားလုံး အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာ ရှိကြတဲ့ ကမ္ဘာသူကမ္ဘာသားများ အားလုံးဘေးဘယာများကင်းဝေးပြီး စိတ္တသုခ၊ ကာယသုခတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ယခုကာလဟာ ကျွန်တော်တို့ မြန်မာတွေရဲ့ အယူအဆအရ နှစ်ဟောင်းမှာ ပြုလုပ်မိတဲ့ မကောင်းတဲ့အတွေး၊ အပြုအမူနဲ့ လုပ်ရပ်များကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## နေပြည်တော်လမ်းလျှောက်သင်္ကြန် သင်္ကြန်အတက်နေ့တွင် လာရောက်လည်ပတ်ကြသူများဖြင့် ကြက်ပျံမကျစည်ကား

နေပြည်တော် ဧပြီ ၁၆

မြန်မာနှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိတော့မည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မကြာသောအချိန်ကာလမတိုင်ခင် ပြည်သူတို့သည် ကိုယ်စိတ်နှလုံး ပျော်ရွှင်အေးချမ်းစွာဖြင့် နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖြင့်ဆေးကြော၍ ကောင်းခြင်းမင်္ဂလာတို့ ရောက်ရှိလာစေရန် မြန်မာ့ရိုးရာအတာရေသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲပျော်ရွှင်စွာ ကျင်းပလျက်ရှိရာ ယနေ့ကျရောက်သည့် သင်္ကြန်အတက်နေ့တွင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



သင်္ကြန်အတက်နေ့ နေပြည်တော်လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၇

| | | |
|---|---|---|
| ချောက် | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မိတ္ထီလာ | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| ရမည်းသင်း | ၄၂ | ဒီဂရီဆဲလ်စီးယပ် |

ယနေ့ ဖတ်စရာ

**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ**

စာမျက်နှာ » ၆

ကြေးမုံ

# အားမာန်သစ်ဖြင့် တိုင်းပြည်တည်ဆောက်

ယနေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်ကုန်ဆုံး၍ ၁၃၈၆ ခုနှစ်သို့ စတင်ရောက်ရှိပြီဖြစ်သည့် မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည့် အချိန်အခါကာလတွင် ပြည်သူအားလုံးအနေဖြင့် ပျော်ရွှင်ဖွယ်၊ မင်္ဂလာရှိဖွယ် ရက်မြတ်ကာလအဖြစ် သတ်မှတ်ထားကြပြီး ကောင်းသောအမှုများ ပြုလုပ်ကြ၍ နှစ်သစ်သို့ ဖြတ်သန်းကြသည်။

ဖြစ်ပေါ်လာမည့် အနာဂတ်သစ်အတွက် ကောင်းခြင်းဝေဆာအောင် ပြုလုပ်ကြရမည်ဖြစ်သလို နှစ်ဟောင်း ၁၃၈၅ ခုနှစ် တစ်နှစ်တာလုံးတွင် မိမိတို့ဆောင်ရွက်ခဲ့သမျှကို ပြန်လည်သုံးသပ်ဆင်ခြင်ပြီး နှစ်သစ် ၁၃၈၆ ခုနှစ်တွင် ကောင်းသောကိစ္စအဝဝတို့ကို ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မင်္ဂလာရှိသော နှစ်သစ်တွင် မကောင်းမှုများကိုရှောင်ရှားပြီး ကောင်းကျိုးများကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။ အားနည်းချက်များကိုပြုပြင်၍ အားသာချက်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော အခြေအနေများကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ကောင်းကျိုးများ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်လွန်ခဲ့သောကာလများကို ဆင်ခြင်ကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် ခက်ခဲကြမ်းတမ်းခရီးလမ်းများကို ဖြတ်သန်းခဲ့ရသည်။ ပြည်သူများအနေဖြင့် ဒုက္ခဆင်းရဲအမျိုးမျိုးတို့ကို ကြုံတွေ့ခဲ့ရသည်။ ပြည်ပမှ နှောင့်ယှက်ဟန့်တားမှုများနှင့် ပြည်တွင်းမှ အကြမ်းဖက်သောင်းကျန်းသူတို့၏ အဖျက်လုပ်ရပ်များကို ကြုံတွေ့ခဲ့ရသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူများအနေဖြင့်လည်း ဒုက္ခအခက်အခဲများဖြစ်ကြရသည်။

ထို့ကြောင့် မင်္ဂလာရှိသောနှစ်သစ်တွင် တိုင်းရင်းသားပြည်သူအားလုံး ဘေးဥပဒ်အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးကြပါစေကြောင်း၊ တိုင်းပြည်အေးချမ်းသာယာဝပြောစေကြောင်း၊ တိုင်းရင်းသားပြည်သူအချင်းချင်း မေတ္တာတရားများ တိုးပွားစေကြောင်း၊ တိုင်းပြည်ကောင်းကျိုး၊ အများအကျိုးအတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြသော အဖျက်လုပ်ရပ်များမှ ကင်းဝေးကြပါစေကြောင်း၊ သူယုတ်မာများချုပ်ငြိမ်းပြီး သူတော်ကောင်းတရားများ ထွန်းကားစေကြောင်း တောင်းဆုအဝဝတို့ကို မင်္ဂလာရှိသော နှစ်သစ်တွင် ပို့သအပ်ပါသည်။

မြန်မာနိုင်ငံသည် အခက်အခဲအမျိုးမျိုးများကြားမှ ရုန်းကန်နိုးထနိုင်ရန် ကြိုးစားနေသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အများပြည်သူ အေးချမ်းစွာ နေထိုင်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာအောင်လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ကြရမည်။ နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှသာ လူမှုစီးပွားဘဝများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံသားတိုင်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှ၊ ဖွံ့ဖြိုးတိုးတက်မှ မိမိဘဝများလည်း တိုးတက်လာမည်ဟူသော အသိစိတ်ဓာတ်များမွေးမြူပြီး ကုန်လွန်ခဲ့သော နှစ်ဟောင်းမှ အားနည်းသောစိတ်ထားများကို ပယ်ဖျောက်၍ မိမိအကျိုး၊ တိုင်းပြည်အကျိုးကို နှစ်သစ်တွင် တိုးတက်ကောင်းမွန်လာအောင် အားသစ်မာန်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ကြမ်းတမ်းခက်ထန်မှုများအတွက် အဓိကကျသောအဖြေမှာ တိုင်းရင်းသားပြည်သူအချင်းချင်း မေတ္တာတရားများ တိုးပွားထားရှိရေး၊ စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တိုးတက်ကောင်းမွန်လာသော စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအား အဓိကစွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ပေးနေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် ကုန်လွန်ခဲ့သောကာလက ဖြစ်ပေါ်ခဲ့သည့် အနှောင့်အယှက်များနှင့် ဖျက်ဆီးမှုများကို စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းဖယ်ရှားပြီး မင်္ဂလာရှိသောနှစ်သစ်တွင် တိုင်းရင်းသားပြည်သူအားလုံး စိတ်သစ်၊ လူသစ်၊ အားမာန်သစ်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဘီးလင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ မဟာသင်္ကြန်အတက်နေ့တွင် ဥပုသ်သီတင်းသီလဆောက်တည်သူများဖြင့် စည်ကားများပြား

ဘီးလင်း ဧပြီ ၁၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း နေ့စဉ် ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ် သီတင်းသီလ ဆောက်တည်သူများဖြင့် စည်ကားလျက်ရှိရာ ယနေ့ မဟာသင်္ကြန် အတက်နေ့တွင်လည်း ဥပုသ်သီလ ဆောက်တည်သူများ များပြားလျက်ရှိကြောင်း သိရသည်။



ဘီးလင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာ ဘုန်းတော်ကြီးကျောင်းများ၌ မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ဒုလ္လဘရဟန်းဝတ်ကာ တရားစခန်းဝင်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းများဖြင့် နေ့စဉ်ကုသိုလ်ယူကြပြီး အလှူရှင်များကလည်း ဥပုသ်သီတင်းသီလ လာရောက် ဆောက်တည်ကြသော ယောဂီများအား နံနက်စာနှင့် နေ့လယ်စာ ဆွမ်းများလှူဒါန်းခြင်း၊ လမ်းဆုံ၊ လမ်းခွများတွင် ရေပက်ခံထွက်သည့် ပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန် စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

* ရှေ့ဖုံးမှ

အတာသင်္ကြန်ရေနဲ့ ဆေးကြောပြီး နှစ်သစ်မှာ ကောင်းမွန်တဲ့အရာများနဲ့ ပြန်လည်စတင်ဖို့ ပြင်ဆင်ကြတဲ့ကာလ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့တဲ့ နှစ်ဟောင်းကာလအတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ယခုနှစ်သစ်မှာလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်သူအားလုံးရဲ့ ဖွံ့၊ သတ္တိ၊ ခိုင်မာတဲ့ ယုံကြည်ချက်တို့နဲ့အတူ ဘယ်လိုစိန်ခေါ်မှုမျိုးကို မဆို အောင်မြင်အောင် ဆက်လက်ရင်ဆိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်သူအားလုံး လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မယိမ်းယိုင်စေဖို့ ဥပဒေနှင့်အညီ ထိန်းသိမ်းတည့်မတ်ပေးနေသလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက်လည်း ခိုင်မာတဲ့ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံသားအားလုံးရဲ့ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ၊ နည်းလမ်းများကို အသုံးပြုပြီး ဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေဖို့လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ပညာရေးကဏ္ဍမြင့်တင်ရေးဟာ နိုင်ငံအတွက် အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ အထူးမေတ္တာရပ်ခံလိုတာကတော့ လာမယ့်ပညာသင်နှစ်မှာ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံ့စီးပွားရေး မြင့်တင်နိုင်ဖို့အတွက်လည်း ကုန်ထုတ်လုပ်မှုနယ်ပယ်အားလုံးက ကြိုးစားဆောင်ရွက်ကြစေလိုပါတယ်။ အခက်အခဲ အကျပ်အတည်းမျိုးစုံကြားက နိုင်ငံ့စီးပွား အတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပိတ်ဆို့တားဆီးမှုအပါအဝင် အခက်အခဲအချို့သာမရှိခဲ့ရင် နိုင်ငံ့စီးပွားဟာ ဒီထက်မက များစွာတိုးတက်နေမှာဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အလားတူ တည်ငြိမ်အေးချမ်းမှုသာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံရဲ့ ငြိမ်းချမ်းရေးကို ရေတိုကာလအတွက် မဟုတ်ဘဲ အနာဂတ်မျိုးဆက်များအထိ တည်တံ့နေတဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ နှစ်ဟောင်းကာလအတွင်းမှာ အရှုံမမြော်တွေးတဲ့ လိုအင်ဆန္ဒတွေ၊ ဘေးပယောဂတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် အချို့သော ကိုယ်ကျိုးအတ္တလွန်ကဲတဲ့သူတွေဟာ ဒေသမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ကိုယ့်ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်းကို ဒုက္ခတွင်းထဲရောက်အောင် တွန်းပို့ခဲ့တာကို တွေ့ကြုံခဲ့ရပြီးဖြစ်တာကြောင့် အရှည်ကိုမြော်တွေးပြီး ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း သွေးကွဲအောင် သပ်လျှိုသွေးခွဲနေတာကို ကျွန်တော်တို့အားလုံးရဲ့ သွေးစည်းညီညွတ်မှုနဲ့ တုံ့ပြန်ပြသဖို့ လိုပါတယ်။

"စုပေါင်းညီညာ အောင်ကြောင်းဖြာ"၊ "ကြိုးစားအားထုတ်မှုကောင်းမှ ရလဒ်ကောင်းမည်" ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး နှစ်ဟောင်းက တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်များကို သုံးသပ်ပြီး လာမယ့်နှစ်သစ်မှာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်က ဆက်လက်လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ပေးကြဖို့ ပြောကြားရင်း နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်ကနေ ၁၃၈၆ ခုနှစ် နှစ်သစ်ကိုကူးပြောင်းတဲ့ နေ့ရက်အခါသမယမှာ တိုင်းရင်းသား၊ မိဘ ပြည်သူလူထု၊ ရဟန်းရှင်လူအားလုံးတို့ကို နှုတ်ခွန်းဆက်သခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ မြန်မာ့သမိုင်းအစဉ်အလာ၊ ဗုဒ္ဓသာသနာရဲ့ သမိုင်းအစဉ်အလာအရ နှစ်သစ်ကူးအခါသမယဟာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများရဲ့ အထူးအရေးကြီးတဲ့အခါသမယ၊ အထူးအလေးထားရတဲ့ အခါသမယလည်းဖြစ်ပါတယ်။



နှစ်သစ်ကူး အတာသင်္ကြန်ဆိုတာ ဗုဒ္ဓဘာသာဝင်များဟာ နှစ်ဟောင်းကပြုခဲ့တဲ့ အပြစ်တွေကို သန့်စင်သော သီတာရေစင်နဲ့ စင်ကြယ်အောင် ဆေးကြောကြပြီးတဲ့အခါမှာ နှစ်သစ်ကို ကြိုဆိုကြတဲ့ အစဉ်အလာတစ်ရပ် ဖြစ်ပါတယ်။ နှစ်ဟောင်းမှာ အနန္တော အနန္တငါးပါး အပါအဝင် ပြစ်မှားကျူးလွန်ခဲ့မိတဲ့ မိဘ၊ ဆရာသမားများ၊ ကျေးဇူးရှင်များအပေါ်မှာ ရှိခဲ့တဲ့အပြစ်တွေကို ဆေးကြောသုတ်သင်တယ်။ မိမိတို့ လူသားအချင်းချင်း တစ်ဦးနဲ့တစ်ဦးအပေါ်မှာ ပြုမူကျင့်ကြံခဲ့တဲ့ မှားယွင်းသောလုပ်ရပ်များ၊ ကျူးလွန်မိတဲ့လုပ်ရပ်များကို တောင်းပန်ဝန်ချအပြစ်တွေကို ဆေးကြောတဲ့အခါသမယလည်း ဖြစ်ပါတယ်။

ဒီလိုကောင်းမြတ်တဲ့ အစဉ်အလာတွေနဲ့ နှစ်သစ်ကို ကြိုဆိုတဲ့အခါမှာ၊ နှစ်သစ်ကို ရင်ဆိုင်ကြတဲ့အခါမှာ ကောင်းမြတ်သော စိတ်ရင်းစေတနာ၊ ကောင်းမြတ်သော စိတ်ထားတွေနဲ့ အပြုသဘောဆောင်သော ကိုယ်ကျင့်တရားများနဲ့ ကျင့်ကြံအားထုတ်မှုများနဲ့ နှစ်သစ်မှာ ရှင်သန်သွားကြဖို့ကို ရည်သန်တဲ့ အခါသမယ သင်္ကြန်ပွဲတော်လည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံး၊ ရဟန်းရှင်လူ၊ ပြည်သူလူထုအားလုံးက နေပြီးတော့ ဒီအစဉ်အလာကို လိုက်နာပြီးတော့ နှစ်သစ်ကို ကြိုဆိုကြတာဖြစ်ပါတယ်။

ဒီနေရာမှာ မြန်မာပြည်သူလူထု တစ်ဦးချင်း တစ်ယောက်ချင်းအနေနဲ့ မိမိတို့ နှစ်ဟောင်းက ပြုမူခဲ့တဲ့ အပြုအမူ အကျင့်အကြံတွေကို ပြန်လည်ဆင်ခြင် သုံးသပ်သင်ခန်းစာတွေကို ဖော်ထုတ်ပြီး ရှေ့နှစ်မှာ ဒီထက်ဒီထက် ပိုမိုကောင်းမွန်အောင် ပြုမူကျင့်ကြံ ကြိုးစားအားထုတ်သွားကြဖို့ဖြစ်ပါတယ်။ မနှစ်က မိမိကိုယ်မိမိ ပြန်လည်ဆင်ခြင်သုံးသပ်တဲ့အခါမှာ တွေ့ရှိခဲ့ရတဲ့ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ၊ မှားယွင်းခဲ့တဲ့ အချက်အလက်တွေကို ပြီးခဲ့တဲ့ တစ်နှစ်လုံးမှာ ဘယ်လိုပြုပြင်ခဲ့သလဲ၊ ဒီလိုပြုပြင်တဲ့အခါမှာ မိမိရည်မှန်းတဲ့အတိုင်းပဲ ပြည့်မီခဲ့သလား၊ မပြည့်မီသေးရင် အခုလာမယ့်နှစ်သစ်မှာ ဆက်လက်ပြီးတော့ ပြည့်မီအောင် ကြိုးစားသွားကြရမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်တွေ ချမှတ်သွားဖို့ပဲ ဖြစ်ပါတယ်။

မြန်မာလူမျိုး မြန်မာနိုင်ငံသားအားလုံးဟာ တစ်ဦးချင်း တစ်ဦးချင်း မိမိကိုယ်ကို ဆန်းစစ်ခြင်း၊ မိမိရဲ့ မိသားစုကို ဆန်းစစ်ခြင်းနဲ့ မိမိရဲ့ အဖွဲ့အစည်းကို ဆန်းစစ်ပြီးတော့ ရှေ့လာမယ့်နှစ်မှာ ဒီထက်ဒီထက်ပိုမိုတိုးတက်ကောင်းမွန် အောင်မြင်အောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ မိမိတိုင်းပြည် နိုင်ငံအတွက် မိမိတို့လိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင် ဒီထက်ဒီထက်ပိုပြီး ဘယ်လိုအားသွန်ခွန်စိုက် ဆောင်ရွက်မလဲဆိုတဲ့ လုပ်ငန်းစဉ်တွေကို သုံးသပ်ဆင်ခြင် ချမှတ်ရမယ့် အချိန်အခါသမယ ဖြစ်ပါတယ်။ နှစ်သစ်ကူးတဲ့ နှစ်ဆန်းတစ်ရက်နေ့က စပြီးတော့ ရှေ့လျှောက်မယ့် တစ်နှစ်တာကာလပတ်လုံးအတွက် မိမိတို့ရဲ့ ဆောင်ရွက်ချက်တွေဟာ အားသွန်ခွန်စိုက် အားမာန်အပြည့်နဲ့ ရည်မှန်းချက်ကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ကြဖို့ အရေးကြီးပါတယ်။ မိမိတို့ နိုင်ငံသားတစ်ဦးချင်း တစ်ဦးချင်းစီရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေဟာ မိမိတစ်ယောက်တည်း၊ မိမိ မိသားစုတစ်ခုတည်းအတွက် မဟုတ်ဘဲနဲ့ မိမိ တိုင်းနိုင်ငံကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ပြီးတော့ ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ အကောင်အထည်ဖော်နိုင်အောင် အောင်မြင်သည်အထိ ဖော်ညွှန်းဆောင်ရွက်သွားနိုင်ရမှာ ဖြစ်ပါတယ်။

မိမိတို့ နိုင်ငံအနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ အမျိုးသားရေး ရည်မှန်းချက်တွေ၊ နိုင်ငံရေးရည်မှန်းချက်တွေ၊ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နဲ့ ဦးတည်ချက် (၉) ရပ်တို့ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရေးတို့ကို နိုင်ငံသားအားလုံးက တစ်ယောက်ချင်း တစ်ယောက်ချင်း အားကြိုးမာန်တက် ကြိုးစားအကောင်အထည်ဖော်သွားကြရမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တဲ့လုပ်ငန်းစဉ်တွေ၊ ရည်မှန်းချက်တွေကို ပိုမိုတိကျခိုင်မြဲစွာ ချမှတ်ပြီးတဲ့အခါမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းကနေ တာဝန်ကျေပွန်စွာ ပါဝင်ဆင်နွဲနိုင်ဖို့အတွက် ဒီနှစ်သစ်အချိန်အခါသမယ နှစ်သစ်ကူးပွဲတော်ကာလအတွင်းမှာ အားလုံးက အားသစ်မာန်သစ်များနဲ့ ကြိုးစားအားထုတ်မွေးမြူပြီး ဆန်းစစ်ချက်တွေ၊ သုံးသပ်ချက်တွေ၊ ရည်မှန်းချက်တွေ ချမှတ်ပြီးတော့ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေ၊ ဘာသာသာသနာအကျိုး အပြည့်အဝထမ်းဆောင်နိုင်ကြပါစေ၊ နိုင်ငံတော်ကြီးကိုလည်း ရည်မှန်းထားတဲ့အတိုင်း ကမ္ဘာ့အဆင့်မီ၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်သော ဂုဏ်ကျက်သရေရှိသည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး မင်္ဂလာနှစ်သစ်ပါလို့ ကြိုဆိုနှုတ်ခွန်းဆက်အပ်ပါတယ်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်ကို ကူးပြောင်းတဲ့ မင်္ဂလာနှစ်သစ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါတယ်။



ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ တစ်အုံထုံ့ဆင်း အတူတကွနေထိုင်လာကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ဒီနှစ်သစ်မှစပြီး ချစ်ခြင်းမေတ္တာတရားပွားများနိုင်ကြပါစေ။ စည်းလုံးညီညွတ်မှုအားနဲ့ တိုင်းပြည်ရဲ့လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဖော်ဆောင်နိုင်ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်နိုင်ကြပါစေ။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး နှစ်သစ်မင်္ဂလာအချိန်အခါမှစပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ငြိမ်းချမ်းပျော်ရွှင်မှုကို ခံစားရရှိနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

## လင်းခေးခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခရိုင်အဆင့် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**လင်းခေး မေ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၁ ရက်က လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး လင်းခေးခရိုင် အုပ်ချုပ်ရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် လုပ်ငန်းတာဝန်များအား ခရိုင်အတွင်းရှိ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ဦးကျော်သူရက အဆိုပါတာဝန်ပေးအပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ မြန်မာနှစ်သစ်ကူး သာရဏီယသြဝါဒကထာ



## ကုသိုလ်ကောင်းမှုနေ့စဉ်ပြု

ယနေ့သည် ၁၃၈၅ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၆ ခုနှစ်ဟု ဆိုအပ်သော မြန်မာတို့၏နှစ်သစ်ချိန်ခါသို့ ရောက်ရှိသည့် မင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ယခုလို မင်္ဂလာအပေါင်းခညောင်းပြည့်စုံ ကောင်းမြတ်သည့်ဂုဏ်နှင့်ပြည့်စုံသော နှစ်သစ်မင်္ဂလာချိန်ခါကာလသမယမှစ၍ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာသူ/ကမ္ဘာသား အများသူငါ သတ္တဝါအားလုံးတို့သည် ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်သော ဘေးဥပဒ်အန္တရာယ် ရန်စွယ်အပေါင်း မကောင်းဟူသမျှကင်းစင်ပ၍ ကောင်းကျိုးအဖြာဖြာ လိုရာဆန္ဒအဝဝတို့ ပြည့်စုံနိုင်ကြပါစေကြောင်း ပတ္ထနာအမှုတောင်းဆုပြုလျက်-

**သဗ္ဗေပိ ကုသလာ ဓမ္မာ၊ ခန္တျာယတ္တာဝ ဝတ္တတေ-** ဟူသော ဒေသနာနှင့်အညီ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အာဃာတတရားပယ်ခွာရှား၍ သည်းခံခြင်းဟုဆိုအပ်သော ခန္တီတရားလက်ကိုင်ထားပြီး ပစ္စုပ္ပန်၊ တမလွန် နှစ်တန်ပေါင်းဆုံ ဘဝအထိုထို၌ အလိုရှိသည့်အတိုင်း ပြည့်ဝချမ်းသာကောင်းကျိုးအဖြာဖြာကို ရရှိခံစားနိုင်ကြောင်း ဒါနစသား ကောင်းမှုကုသိုလ်များကိုနေ့စဉ်အမြဲကြိုးစားအားထုတ်နိုင်ကြပါစေရန် မေတ္တာရေလောင်း၍ ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

# သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ၁၃၈၆ ခုနှစ် နှစ်သစ်ကူး သြဝါဒကထာ

**နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးအထူးပင် ဓမ္မကထာဖြင့် နှုတ်ခွန်းဆက်ပါသည်။**

တရားချစ်ခင်သူတော်စင်အပေါင်းတို့-

ယခုအခါ ၁၃၈၅ ခုနှစ်ဟူသော နှစ်ဟောင်းတစ်နှစ်ကုန်သွားပါပြီ။ ၁၃၈၆ ခုနှစ်ဟူသော နှစ်သစ်တစ်ခုသို့ ရောက်လာပြန်ပါပြီ။ ကုန်လွန်သွားသော ဒီ ၁၃၈၅ ခုနှစ်ဟူသော နှစ်ဟောင်းဟာ လွန်ခဲ့တဲ့နှစ်က နှစ်သစ်ဖြစ်ခဲ့ပါတယ်။ ယခုတော့ ဟောင်းနွမ်းကုန်ဆုံးခဲ့လေပြီ။ ထိုနည်းတူစွာ ယခုရောက်ရှိလာတဲ့ ၁၃၈၆ ဟူသော နှစ်သစ်ဟာလည်း တဖြည်းဖြည်း ဟောင်းဟောင်းပြီး ကုန်ဆုံးသွားမှာပဲဖြစ်ပါတယ်။ ဖြစ်ပေါ်လာသမျှ အသစ်အသစ်တွေ အားလုံးဟာလည်း သတ္တဝါတွေပါမကျန် ဟောင်းဟောင်းသွားကြပြီး ပျောက်ပျက်ကုန်ကြရမှာချည်းပါပဲ။ အသစ်အသစ်တိုင်း အဟောင်းအဟောင်းဖြစ်သွားကြရပြီး ပြောင်းပျက်ကြရမှာချည်းပါပဲ ဒီသဘောဟာ- မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ **ဝယဓမ္မာသင်္ခါရာ**ဆိုတဲ့ **သင်္ခါရ**တို့ရဲ့သဘောပါပဲ။ အဲဒီ**သင်္ခါရသဘော**ကို စောင့်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ **လူစွမ်းကောင်း**ပါပဲ။ အသစ်အသစ်တို့ရဲ့ အဟောင်းအဟောင်းဖြစ်ပြီး ပြောင်းပျက်ရတဲ့သဘောကို စောင့်ကြည့်ကြဖို့ ဗုဒ္ဓရှင်တော်က **"ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"** လို့ မိန့်ကြားတော်မူခဲ့ပါတယ်။



ကမ္ဘာ့သမိုင်းဦးကျမ်းလို့ဆိုလောက်တဲ့ **စက္ကဝတ္တိသုတ်တော်ကြီးမှာ စက္ကဝတ္တိမင်းကြီး နတ်ရွာစံခါနီးသားတော်ကြီးကို ထီးနန်းလွှဲတော့ မှာထားတဲ့ မှာကြားချက်ရှိပါတယ်။အဲဒီမှာကြားချက်ဟာ ပါဠိတော်မှာ ဒီလိုရှိပါတယ်-"ဓမ္မိတံ ရက္ခာဝရဏဂုတ္တိ" "သံဝိဒဟိ အနေဒနံ ဓနံ မနုပ္ပဒါသိ"** လို့ဟောထားတာ ရှိပါတယ်။ အဲဒီပါဠိတော်တွင် ပြောထားသည်မှာ **"တိုင်းသားပြည်သူ လူအားလုံးကို ဓမ္မနှင့်ညီညွတ်သော အာရက္ခ- အစောင့်အရှောက်၊ အာဂရက- ပိတ်ပင်တားမြစ်မှု၊ ဝုတ္တိ- လုံခြုံမှုပေးရမည်ဟု** ပြောထားပါတယ်။ ထို့ပြင် **အနေဒနံ ဓနံ မနုပ္ပဒါသိ- ဆင်းရဲသားတို့ကိုလည်း ချီးမြှောက်ထောက်ပံ့ရမည်ဟု ဟောထားပါတယ်။** ဒါကြောင့် **ဆင်းရဲသူဆင်းရဲသား ချီးမြှောက်စောင့်ရှောက်ခြင်း** အလုပ်တွေကို စက္ကဝတ္တိမင်း၏ နောက်မင်းဆက်တွေဟာ မဆောင်ရွက်ကြတော့သဖြင့် တိုင်းသူပြည်သားတွေ ပို၍ဆင်းရဲလာကြတယ်။ ထို့နောက် ဖြစ်ပေါ်လာသော မကောင်းမှုအကျိုးဆက်တွေက ခိုးဝှက်လုယက်မှုတွေပဲပေါ့။ ကံ၊ ဉာဏ်၊ ဝီရိယ (သို့မဟုတ်) စိတ်စေတနာနဲ့ ဉာဏ်ဝီရိယတို့ သိမ်ဖျင်းသည့် လူတချို့က- ခိုးဝှက်၊ လုယက်၊ တိုက်ခိုက်ကြတယ်။ ဆိုလိုသည်မှာ - ကမ္ဘာဦးကာလက လူဖျင်း/လူပျင်းတွေကြောင့် တိုက်ခိုက်၊ ခိုးဝှက်၊ လုယက်ခြင်းဆိုတဲ့ **အဒိန္နဒါန**မှု စပေါ်တယ်လို့ ဆိုတာပါပဲ။ **အဒိန္နဒါန**မှု စတင်ပေါ်လာတော့- ဘုရင်ကဖမ်းဆီးပြီး အပြစ်ကျူးလွန်သူတို့ကို သတ်ပစ်တယ်။ ဒုတိယပေါ်လာတာကတော့ **ပါဏာတိပါတ**မှု ပေါ်လာတယ်။ **ပါဏာတိပါတ**မှုပေါ်လာတော့- အသတ်ခံရမှာကြောက်လို့ ရုံးတော်မှာလိမ်ကြတယ်။ **မုသာဝါဒ**မှု ပေါ်လာတယ်။ သိသူမြင်သူတွေက တိုင်ကြတယ်။ အဲဒါ **ပိသုဏာဝါစာ**ပဲ။

ဤသို့အားဖြင့် တဖြည်းဖြည်းနဲ့ နှစ်တွေကြာညောင်းလာတော့- လူ့သက်တမ်းနှစ်တစ်ထောင် ရောက်တဲ့အခါ **မိစ္ဆာဒိဋ္ဌိတရား**တွေအထိ ပေါ်လာပါတယ်။ ထို့နောက် လူ့သက်တမ်းနှစ်တစ်ရာရောက်လာတော့ **အဓမ္မရာဂ၊ဝိသမလောဘ၊ မိစ္ဆာဓမ္မ**ဆိုတဲ့ မကောင်းတရားတွေ ပေါ်လာတယ်လို့ အကျဉ်းချုံး၍ မှတ်ရအောင်။ ဒီတော့ဆိုလိုတာက-မကောင်းတရား (၁၈)ပါးစုံပြီပေါ့။ အဲဒီမကောင်းတရား(၁၈)ပါးရဲ့ ရေသောက်မြစ်က- **လောဘ၊ ဒေါသ၊ မောဟ** ဒီသုံးပါးပဲဖြစ်ပါတယ်။ ဒီတရားသုံးပါးပေါ်လာတော့ ကမ္ဘာကြီးမှာဖြစ်လာမယ့်အကျိုးဆက်တွေက -

၁။ **လောဘ**ထူပြောတဲ့ခေတ်မှာ- **ဒုဗ္ဘိက္ခန္တရကပ်-** အငတ်ဘေးရောက်တတ်ပါတယ်။

၂။ **ဒေါသ**ထူပြောတဲ့ခေတ်မှာ- **သတ္ထန္တရကပ်-** လက်နက်မျိုးစုံနဲ့ သတ်ဖြတ်တဲ့ဘေးရောက်တတ်ပါတယ်။

၃။ **မောဟ**ထူပြောတဲ့ခေတ်မှာ- **ရောဂန္တရကပ်- ရောဂါမျိုးစုံဘေး**ရောက်တတ်ပါတယ်။

ဒီအကြောင်းအရာတွေကို ကမ္ဘာဦးသမိုင်းကျမ်းလို့ဆိုရတဲ့ **စက္ကဝတ္တိသုတ်**မှာ ဟောတော်မူတာကို အကျဉ်းချုံးပြတာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ ဒီခေတ်မှာ လောကပျက်စီးကြောင်း မကောင်းတရားတွေ စုံနေပါပြီ။ ဒီမကောင်းတရားတွေကို ထိန်းချုပ်နိုင်မှ ဘုရားဟောသုတ်တော်ကြီးအတိုင်း ပြောရလျှင် **ဆင်းရဲသားတွေကို ထမင်းကောင်းစွာစားရဖို့၊ အေးချမ်းစွာနေနိုင်ဖို့ အားထုတ်ပေးကြမှသာ အတော်အတန်အေးချမ်းသာယာ ရှိလိမ့်မည်**ဆိုတာကို ပြောချင်ပါတယ်။

နိဂုံးချုပ်အားဖြင့် မကောင်းတရား တစ်ဆယ့်ရှစ်ပါးနှင့် ဘေးကြီးသုံးပါးတို့ရဲ့ အကြောင်းရင်းမူလသုံးပါးဖြစ်တဲ့ - လောဘ၊ ဒေါသ၊ မောဟ ဤတရားသုံးပါးတို့ကို ထိန်းချုပ်နိုင်ကြပါစေ၊ ပယ်သတ်နိုင်ကြပါစေလို့ နှစ်သစ်မှာဆုတောင်းပါတယ်။

**နှစ်သစ်ကူးတဲ့ လတန်ခူးမှာ-**
**တောအုပ်ကြီးတစ်ခုလုံးရွက်သစ်နဲ့တဝေဝေ၊**
**ပန်းမျိုးစုံနဲ့ သင်းပျံ့မွှေးကြိုင်နေသလို-**
**နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာရှိပါစေလို့**
**ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။**

"သီတဂူစန်းလပမာချမ်းမြသာယာရှိကြပါစေ"

**သီတဂူဆရာတော်**
နိုင်ငံတော်သြဝါဒါစရိယ၊
ရွှေကျင်နိကာယသာသနာပိုင်
အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ
သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊
သီတဂူဆေးရုံတော်များနှင့်
သီတဂူဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ

# အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူးမင်္ဂလာစကား



မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် လွန်မြောက်လို့ ၁၃၈၆ ခုနှစ် မြန်မာ့နှစ်သစ်ကူးနေ့ အခါသမယ။ ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏံ။ ကုသိုလ်ကောင်းမှုဆိုတာ အနဝဇ္ဇ- အပြစ်ကင်းတယ်။ သုခဝိပါကလက္ခဏံ- ကောင်းကျိုးချမ်းသာတွေကို အကျိုးပေးတဲ့သဘောရှိတယ်။ ကုသိုလ်ကိုယ်တိုင်ကလည်း အပြစ်ကင်းတယ်။ ထိတွေ့ဆက်ဆံသူတွေကိုလည်း အပြစ်ကင်းစေတယ်။ ပြီးတော့ ကောင်းကျိုးချမ်းသာအမျိုးမျိုးတွေကိုလည်းပေးတယ်။

မည်သည့်အလုပ်ကိုပဲ လုပ်လုပ်၊ မည်သည့်အပြောကိုပဲ ပြောပြော၊ မည်သည့်အတွေးကိုပဲ တွေးတွေး အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာတွေကို ရရှိစေတာက ကုသိုလ်ရဲ့သဘောပါပဲ။ ဒါကြောင့်လည်း လူတွေက ကောင်းကျိုးချမ်းသာတွေကို နှစ်သက်မြတ်နိုးလိုလားကြတဲ့အတွက် ကုသိုလ်ကို ပြုလုပ်ချင်ကြပါတယ်။

**အတတ်လည်းသင်၊ ဉာဏ်နဲ့ယှဉ်လျက်၊ ဆင်ခြင်ရှေ့နောက်၊ မြော်ရှုထောက်၍၊ ထက်အောက်ဝန်းကျင်၊ ကောင်းကျိုးဆင်ဖို့၊ ကောင်းပင်စိုက်ပျိုး၊ ကောင်းအောင်ကြိုးသည်၊ ကောင်းမျိုးစုံဝေ ပြည့်စေသောဝ်။**

ကုသိုလ်ပြုရာမှာလည်း သာမန်ကုသိုလ်ထက် အသိဉာဏ်နဲ့ ပြုတဲ့ကုသိုလ်က ပိုပြီး စွမ်းပကားကြီးမားပါတယ်။

ဒါကြောင့် အတတ်ပညာကိုလည်းသင်ကြပါ။ ဆင်ခြင်ဉာဏ်လည်းရှိကြပါ။ ရှေ့ရေးအနာဂတ်ကောင်းဖို့အတွက် ပြီးခဲ့တဲ့ အတိတ်အရေးအရာတွေကို အကောင်းအဆိုး နှစ်မျိုးစလုံးကို မြော်တွေးရှုမြင်ဖို့ အသိဉာဏ်နဲ့ ဆင်ခြင်ကြပါ။

ထက်အောက်ဝန်းကျင်ဆိုတဲ့ အရပ်ဆယ်မျက်နှာစလုံးကို ကောင်းသည်ထက်ကောင်းအောင် ကောင်းကျိုးတွေဆင်ဖို့ စွမ်းနိုင်သမျှ လုပ်ပေးချင်စိတ်တွေကို မွေးမြူကြပါ။

ဒါကြောင့် မိမိတို့ကိုယ်တိုင် ကိုယ်စီကိုယ်စီ ကုသိုလ်ကောင်းမှုမျိုးစေ့တွေကို ကြဲချစိုက်ပျိုးကြပါ။ အားလုံးကောင်းကျိုးချမ်းသာတွေ စံစားရဖို့အတွက် ကောင်းအောင်ကြိုးစားကြပါ။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဘယ်အရေးကိစ္စတွေမှာပဲဖြစ်ဖြစ် ကောင်းမြတ်တဲ့ကုသိုလ်စိတ်နဲ့ ဆောင်ရွက်ကြရမှာပါ။

အဲဒီလိုသာ သူရောကိုယ်ပါ အားလုံးက ကောင်းမြတ်တဲ့အမြင်နဲ့ ကောင်းတဲ့အလုပ်တွေကို လုပ်ကြရင်၊ ကောင်းတဲ့အပြောတွေကို ပြောကြရင်၊ ကောင်းတဲ့အတွေးတွေကို တွေးကြရင် နေရာတိုင်းမှာ ကောင်းကျိုးချမ်းသာ အမျိုးစုံတွေဟာ ဝေဆာပွင့်လန်း တိုးတက်အောင်မြင်လာကြမှာ သေချာပါတယ်။

ဒါကြောင့် မိမိကိုယ်တိုင်ပြုတဲ့ ကောင်းမှုကုသိုလ်အလုပ်ကြောင့် မိမိအကျိုး တိုင်းပြည်အကျိုး အများအကျိုးတွေကို ဖြစ်ပေါ်တိုးတက်အောင် ဆောင်ရွက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သောဝ်။ ။

## ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းဆရာတော်)၏ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မြန်မာနိုင်ငံသူ နိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

ကိုယ်စီကိုယ်င ကိုယ့်ဒေသ ပျော်ကြ၊ စံကြ၊ သတ္တဝါဟူသမျှတို့သည် အိပ်မက်၊ ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။

မင်္ဂလာကျက်သရေ ခက်ဝေလန်းသဖြင့်စန်းပွင့်ကြကုန်သည်ဖြစ်၍ ကောင်းစွာမိုးသောက် အလင်းရောက်၍ ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း။

မကောင်းဟူသမျှ ဒုစရိုက်မျိုးကို သူတော်လက်နှင့်တရားစက်၍ ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။

ကောင်းရာသိ သုံးဖြာဆယ်လီပါရမီအပေါင်း အကျင့်ကောင်းကို တစ်ဆင့်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

၁၃၈၅ ခုနှစ်ကနေ ၁၃၈၆ ခုနှစ် နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ခုနစ်ရက်သားသမီးတွေ ကောင်းစွာအိပ်စက်နိုင်ကြပါစေ၊ ကောင်းစွာနိုးကြားနိုင်ကြပါစေ၊ ကောင်းသောအိပ်မက်တွေ မြင်မက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

မကောင်းတာတွေဖျောက်ပြီး ကောင်းတာတွေ ရောက်စေချင်ပါတယ်။ ပုထုဇဉ်တွေရဲ့ စိတ်ဆိုတာ မကောင်းတာကို အမြဲတမ်းကြံစည်တဲ့သဘောရှိတယ်။ လူတိုင်းလူတိုင်းမှာ မကောင်းတဲ့စိတ်တွေ၊ မကောင်းတဲ့အကြံအစည်တွေ ဖြစ်တတ်သလို ကောင်းတဲ့စိတ်တွေ ကောင်းတဲ့အကြံအစည်တွေလည်းဖြစ်တယ်။ မကောင်းတဲ့ကာယကံတွေရှိသလို ကောင်းတဲ့ ကာယကံတွေလည်းရှိတယ်။ မကောင်းတဲ့ ဝစီကံတွေရှိသလို ကောင်းတဲ့ဝစီကံတွေလည်းရှိတယ်။ ပုထုဇဉ်ဆိုတာ မိမိရဲ့စိတ်က မကောင်းမှုတွေကြံမယ်၊ ပြောမယ်၊ လုပ်မယ်ဆိုရင် မကောင်းတဲ့အကျိုးတရားတွေက သေချာပေါက်ပေးတယ်။ နှစ်ဟောင်းကနေ မကောင်းတဲ့ဝစီကံတွေ၊ မနောကံတွေ၊ ကာယကံတွေကို နှစ်သစ်ကိုမပါစေဘဲနဲ့ သူတော်လက်နဲ့ တရားစက်၍ ဖြိုဖျက်နိုင်ကြပါစေ၊ မကောင်းတဲ့မနောကံ၊ ကာယကံ၊ ဝစီကံတွေ မကောင်းကျိုးတွေပေးရင် ဒုက္ခရောက်ကြမယ်။ ဆင်းရဲကြမယ်။ အပါယ်ဒုက္ခတိလည်း ရောက်ကြမယ်။ သူတော်ကောင်းတရားဆိုတာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ သူတော်ကောင်းတရား ခုနစ်ပါးကို မြတ်စွာဘုရားဟောထားတယ်။

သဒ္ဓါရတနာသုံးပါးကို ယုံကြည်ရမယ်။ ဘုရား၊ တရား၊ သံဃာကိုယုံမယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ မကောင်းတာတွေမဖြစ်ချင်နဲ့။ မကောင်းတာတွေလုပ်နေရင် မကောင်းကျိုးတွေ ရမှာပါပဲ။ မကောင်းတာတွေကို မပြောမိအောင် ရှောင်ကြဉ်နိုင်ကြပါစေ၊ မကောင်းတာတွေကြံရင် မကောင်းတဲ့အကျိုး တရားပေးမှာပဲ။ ဆင်းရဲခြင်းကိုပေးမယ်၊ မဆင်းရဲစေချင်ရင် မကောင်းတာတွေ မကြံစည်ဘဲနဲ့ အမြဲတမ်း မိုးလင်းမိုးချုပ် တစ်နေ့တာ ကောင်းတဲ့စိတ်တွေ ကောင်းတဲ့နှလုံးသားလေးနဲ့ ကြံစည်ခြင်းအားဖြင့် ကောင်းကျိုးတွေရကြပါစေ ဆုတောင်းမေတ္တာပို့ပါတယ်။ ကောင်းတာတွေလုပ်ပါ၊ ကောင်းတာတွေးကြပါ၊ ကောင်းတာပြောကြပါ၊ ကြိုးကြိုးစားစားနဲ့ ကုသိုလ်တရားတွေ ဆောင်ရွက်ကြပါ။



ဒုစရိုက်တရားဆယ်ပါးကို မိမိတို့မလွန်ကြူးအောင်ရှောင်။ ပြီးတော့ သူတော်ကောင်းတရား ခုနစ်ပါး၊ ကြိုးစားလုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် မိမိတို့က ကောင်းကျိုးချမ်းသာကိုရမယ်။

ကောင်းကျိုးသီလတွေကိုထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ၊ စောင့်ရှောက်ခြင်းဖြင့် အကျိုးတရားတွေရပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

လောကီလောကုတ္တရာ ဗဟုသုတတွေ တိုးပွားကြပါစေ၊ နှစ်ဟောင်းကနေ နှစ်သစ်ကူးတဲ့အချိန်မှာ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသားတွေကို မေတ္တာပို့ပါတယ်။ အပါယ်လေးဘုံကိုရောက်စေမယ့် အကြောင်းတရားတွေ ဆောင်ရွက်ရမှာတွေကို ရှက်ကြပါ။ ကောင်းတာတွေလုပ်ရင် ကောင်းတာတွေ ဖြစ်တယ်ဆိုတဲ့ ကံရဲ့အကျိုးပေးအနေအထား အတိုင်း သံသရာမှာ အထက်တန်းကျကျ မျက်နှာပန်းလှလှ ဖြစ်ကြစေမယ့် သီလတရားတွေ ကြိုးစားပြီး ဆောက်တည်ကြပါ၊ ဘာဝနာတရားတွေ ကြိုးစားပြီး ပွားများကြပါ။ ဒါမှကောင်းတဲ့အကျိုးတရားတွေရကြမှာ အမှန်ဖြစ်ပါတယ်။ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသားတို့က ၁၃၈၅ ခုနှစ်ကနေ ၁၃၈၆ ခုနှစ် နှစ်သစ်ကူးတဲ့အခါသမယမှာ မကောင်းတာတွေ ပယ်ဖျောက်ပြီး ကောင်းကျိုးချမ်းသာတွေရပြီး ချမ်းသာသုခပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူတွေ အစစအရာရာအဆင်ပြေပါစေ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ တစ်ဦးနဲ့တစ်ဦး မေတ္တာစိတ်ထားနိုင်ကြပါစေ၊ တစ်ဦးအကျိုးကို တစ်ဦးလိုလားကြပါစေ။ တစ်ဦးရဲ့ကောင်းကျိုးကို တစ်ဦးကစောင့်ရှောက်နိုင်ကြပါစေ။ မြန်မာနိုင်ငံကြီးလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းသာယာပြီး ထေရဝါဒဗုဒ္ဓသာသနာတော်လည်း နေလို လလို ဆတက်ထမ်းပိုးတောက်ပပြီး အားလုံး တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသားတွေ တရားထူး တရားမြတ် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။ ။

## ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းဝင်း နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ(Ph.D) ၁၃၈၅ ခုနှစ်ကုန်ဆုံး၍ ၁၃၈၆ ခုနှစ်သို့ကူးပြောင်းရာ မင်္ဂလာအခါ၌ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ



သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတုသဗ္ဗဒါ။
သာသနမ္ပိစ လောကဥ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။
သဒ္ဓိံဟောန္တု သုခီသဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာသုမနာ ဟောန္တု၊ သဟသဗ္ဗေဟိ ဉာတိဘိ။

၁။ သာသနဿ စ လောကဿ - ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့် တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်၊

၂။ ဝုဍ္ဎိ ဘဝတုသဗ္ဗဒါ - ကောင်းသော တိုးတက်ကြီးပွားချမ်းသာခြင်းနှင့် အခါခပ်သိမ်းဖြစ်ကြပါစေ။

၃။ သာသနမ္ပိစ လောကဥ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ- သမ္မာဒေဝ နတ်ကောင်းနတ်မြတ် နတ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသားသတ္တဝါအပေါင်းတို့အား နေ့ရောညဥ့်ပါ အခါခပ်သိမ်း အမြဲမပြတ် စောင့်ရှောက်နိုင်ကြပါစေ။

၄။ သဒ္ဓိံဟောန္တု သုခီသဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော- အလုံးစုံသော တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအပေါင်းတို့သည် မိမိတို့၏အခြွေအရံများတို့နှင့် အတူတကွ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

၅။ အနီဃာသုမနာ ဟောန္တု၊ သဟသဗ္ဗေဟိ ဉာတိဘိ -အလုံးစုံသော တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအပေါင်းတို့သည် ဆွေမျိုးသားချင်းတို့နှင့် အတူတကွ ဆင်းရဲဒုက္ခမရှိကြ၍ နှစ်သက်ရွှင်လန်းစိတ်ချမ်းသာခြင်းနှင့် စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်းဟူ၍ နှစ်သစ်ကာလအခါသမယ၌ စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေ နှစ်သစ်ပတ္တနာဆုတောင်းလွှာပြုလိုက်ပါသည်။

## သာစည်မြို့၌ ရေလှူဒါန်း

သာစည် မေ ၁၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက အမှတ်(၁)ရပ်ကွက်ရှိ ဓမ္မာလင်္ကာရ ရေအားလျှပ်စစ် ပရိယတ္တိစာသင်တိုက်တွင် စာဝါလိုက်လျက်ရှိသော သံဃာတော်များအား ပူပြင်းသောနွေရာသီကာလ၌ ရေအခက်အခဲမရှိစေရေးအတွက် မေ ၁၂ ရက်က ရေအခမဲ့လှူဒါန်းခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းပေးပြီး လိုအပ်ပါက ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် သာစည်မြို့နယ်၌ ရေအခက်အခဲရှိပါက ဖုန်း ၀၆-၄၂၀၆၉၁၃၁ နှင့် အရေးပေါ် ဖုန်း ၁၉၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးရဲထွန်း၏ နှစ်သစ်ကူးဆုတောင်း

မြန်မာတို့ရဲ့နှစ်သစ်မင်္ဂလာအခါသမယဖြစ်တဲ့ ၁၃၈၅ ခုနှစ်ကနေ ၁၃၈၆ ခုနှစ်ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာပြည်သူပြည်သားအားလုံးနဲ့ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိကြပါစေ။ ကျွန်တော်တို့ YMBA အသင်းရဲ့ အဓိကရည်ရွယ်ချက်များဖြစ်တဲ့ အမျိုး/ဘာသာ/သာသနာ/ပညာ စတာတွေကိုဦးတည်ပြီး တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့တာဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့အသင်းရဲ့ နာယကကြီးဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးကလည်း ကျွန်တော်တို့အသင်းက အမျိုးသားရေးအသင်းဖြစ်တာကြောင့် နိုင်ငံရေးကို မလုပ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားပါတယ်။ နိုင်ငံ့အရေးဆိုတာက နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရတာတွေ၊ ဘာသာရေးနဲ့ သာသနာအရေးကိစ္စတွေမှာ ကူညီပံ့ပိုးဆောင်ရွက်ရတာ နိုင်ငံ့အရေးပါ။ ထိုကဲ့သို့ အရေးတွေကို အသင်းကြီးအနေနဲ့ ပံ့ပိုးလုပ်ဆောင်ပေးလျက်ရှိပါတယ်။ နိုင်ငံတစ်ခု အေးချမ်းသာယာမှ စည်ပင်ဝပြောမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံ့အရေးဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးကို ဝိုင်းဝန်းလုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။ နှစ်သစ်အခါသမယမှာ YMBA အသင်းအနေနဲ့ပြောကြားလိုတာက တိုင်းသူပြည်သားတွေ စည်းလုံးညီညွတ်ကြဖို့၊ သွေးခွဲစကားတွေကို မယုံကြည်ကြဖို့၊ လေလိုင်းပေါ်ကစကားတွေကို မယုံကြည်ဖို့ တိုက်တွန်းချင်ပါတယ်။ နှစ်သစ်မှာ အထူးတိုက်တွန်းလိုတာက တိုင်းပြည်အေးချမ်းသာယာဝပြောဖို့ အဓိကအရေးကြီးပါတယ်။ အသင်းကြီးနဲ့အတူ မြန်မာပြည်သူ ပြည်သားအားလုံး ဝိုင်းဝန်းပြီး တိုင်းပြည်အေးချမ်းသာယာအောင် ဆောင်ရွက်ကြပါစို့။



# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ

**ဦးဝဏ္ဏ(ဗုဒ္ဓဘာသာ)**
**ဥက္ကဋ္ဌ**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

**မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး မင်္ဂလာပါခင်ဗျား-**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၆ ခုနှစ် နှစ်သစ်ကူး အခါသမယ ဖြစ်ပါတယ်။

ယနေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများ တိုင်းရင်းသားများနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံကြလျက် အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ ရှေ့လုပ်ငန်းစဉ် သုံးရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရှေ့လုပ်ငန်းစဉ်များကတော့ -

(၁) ဘာသာအယူဝါဒ မတူကွဲပြားသူများအကြား အထင်အမြင် လွဲမှားမှုများကို ရှောင်ကြဉ်ကာ ဘာသာဝင်အချင်းချင်း ယုံကြည်ချက်နှင့် ခံယူချက်များကို အပြန်အလှန်လေးစားလျက် စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်သွားမည်။
(၂) သက်ဆိုင်ရာ ဘာသာအသီးသီးတို့၏ ဘာသာရေးအဆုံးအမ တရားဓမ္မများဖြင့် မျိုးဆက်သစ်လူငယ်များအကြား စည်းလုံးညီညွတ်မှုရှိလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။
(၃) ဘာသာကြီးလေးရပ်၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည် စသည်တို့ဖြစ်ပါတယ်။

ယခုအခါမှာလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခမဲ့မျက်စိကုသမှုပေးခြင်း၊ ပညာဒါနအဖြစ် အခမဲ့ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ကျွန်တော်အပါအဝင် နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မြေပေါ်မှာ မွေးဖွားကြီးပြင်းလာကြသူ ဘာသာမတူ၊ လူမျိုးမတူ၊ မတူကွဲပြား မြန်မာနိုင်ငံသားများဖြစ်ကြသည့်အလျောက် တစ်ဦး၏ ဘာသာတရားကို တစ်ဦးက လေးစားကြပြီး အပြန်အလှန် ကူညီကြလျက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံကာ ချစ်ကြည်ရင်းနှီးစွာ နိုင်ငံ့အကျိုး ဝိုင်းဝန်းသယ်ပိုးကြပါစို့လို့


ဦးဝဏ္ဏ


ဦးအောင်ဇော်ဝင်း

တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကမ္ဘာသူ ကမ္ဘာသားအားလုံး မင်္ဂလာပါလို့ မြန်မာ့နှစ်သစ်ကူးမှာ နှုတ်ခွန်း ဆက်သပါတယ်။

ဂေါတမမြတ်စွာဘုရားရဲ့ မေတ္တာကြောင့် တိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ မဟာပိန္နဲဘုရားကြောင့် ပြည်တွင်း/ပြည်ပ ရန်များကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကြီးဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

၁၃၈၅ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းချိန်မှာ တိုင်းရင်းသား ပြည်သူ ပြည်သားများအားလုံး စိတ်သစ်၊ လူသစ်၊ အမြင်သစ်၊ အတွေးသစ်များဖြင့် နိုင်ငံတော်နဲ့အတူ ပြည်သူများအားလုံး ချစ်ချစ်ခင်ခင် အတူလက်တွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြပါစို့။ မြန်မာ့နှစ်သစ်ကူးကနေစပြီး မေတ္တာတရား များများထားပြီး အလုပ်ကို ကြိုးကြိုးစားစားဆောင်ရွက်ကြ


ဦးဇော်ဇော်နိုင်


ဦးသောမတ်စ်

ပါစို့။

နှစ်ဟောင်းမှာရှိခဲ့တဲ့ စိတ်ထိခိုက်စရာ၊ စိတ်ပူပန်စရာတွေရှိခဲ့ပါက အခက်အခဲတွေ အားလုံးကို ဖယ်ရှားပြီး မြန်မာ့နှစ်သစ်ကူးမှာ စိတ်သစ်၊ လူသစ်၊ အမြင်သစ်၊ အတွေးသစ်၊ စီးပွားရေးအသစ်များနဲ့ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ကြီးပွားတိုးတက်ကြပါစေ၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့။

ကျွန်တော်အနေနဲ့ ဂါရဝတရား ရှေ့ထားပြီး မေတ္တာကြောင့် အစစအရာရာ အောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

**အားလုံးမင်္ဂလာပါခင်ဗျား-**

၁၃၈၅ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၆ ခုနှစ်၊ နှစ်သစ်ကူး အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်လူထုအနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး မေတ္တာတရားရှေ့ထားပြီး သစ္စာတရားဖြင့် ချစ်ချစ်ခင်ခင် အေးချမ်းစွာ နေထိုင်ကြပါစို့လို့ ဆုတောင်းအပ်ပါတယ်။

တစ်ဦး၏ ဘာသာအယူဝါဒကို တစ်ဦးက အပြန်အလှန်လေးစားကြပြီး တိုင်းပြည်အေးချမ်းတည်ငြိမ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းလုပ်ဆောင်ကြကာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဟု ကျွန်တော်တို့ အစ္စလာမ်ဘာသာလူထုက ယုံကြည်ထားပါတယ်။

ယခုနှစ်သစ်ကူးအခါသမယမှာ နိုင်ငံသူ နိုင်ငံသားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ငြိမ်းချမ်းပျော်ရွှင်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ဝိုင်းဝန်းကူညီ သယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

**ဦးသောမတ်စ်(ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

အခုလို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး (ဗဟို) ဒုတိယဥက္ကဋ္ဌ ခရစ်ယာန်ဘာသာဝင်အနေနဲ့ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရတဲ့အတွက် ထာဝရဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အထူးပဲ ဂုဏ်ယူမိပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနဲ့ အခြားသော မတူကွဲပြားတဲ့ ဘာသာတရားများကို ကိုးကွယ်ယုံကြည်ကြသူများအကြား ရှေးယခင်နှစ်ပေါင်းများစွာမှစ၍ ယနေ့တိုင် သက်ဆိုင်ရာဘာသာဓလေ့ ထုံးတမ်းယဉ်ကျေးမှု ပွဲလမ်းများကို အပြန်အလှန်လေးစားမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ဆင်နွှဲနေထိုင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ထူးခြားတဲ့ ယဉ်ကျေးမှုရိုးရာအမွေအနှစ်များကို မပျောက်ပျက်အောင် တိုင်းရင်းသားအားလုံးနဲ့ အတူတကွ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အခုလို မြန်မာသက္ကရာဇ် ၁၃၈၅ နှစ်ဟောင်းကုန်လို့ မြန်မာ့ရိုးရာ နှစ်သစ်ကူးအခါသမယမှာ မကောင်းမှု အညစ်အကြေးများအားလုံးကို ဆေးကြောသန့်စင်ခဲ့ကြပြီး မြန်မာပြည်သူ ပြည်သားများအားလုံး ပေါင်းစည်းညီညွတ်မှုနှင့် သဟဇာတဖြစ်မှု၊ စာနာကရုဏာနှင့် မေတ္တာတရားများကို ရှေ့ထားပြီး ၁၃၈၆ ခု နှစ်သစ်ခရီးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံအောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း တိုက်တွန်းဆုတောင်း နှုတ်ခွန်းဆက်သလိုက်ရပါတယ်ခင်ဗျား။

အားလုံးကိုထာဝရဘုရားသခင်ကောင်းချီးပေးပါစေ။

## ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့တွင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ စတုဒိသာကျွေးမွေးရေးနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် မေ ၁၆

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့တွင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မိသားစုများက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်နှင့် ပြည်သူများ အပန်းပြေစေရန်အတွက် နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခြင်းတို့ကို စည်ကားပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။

သတင်းစဉ်

❐



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန် အတက်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင် မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို သွား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ၌ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြသည့် ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများပက်ဖျန်းစဉ်။

ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် နှစ်ဦးတီထွင်အတာသဘင် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများအား ကြည့်ရှုအားပေးကြသည်။

**အတာရေများပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ခါတော်မှီ မိသားစုအတာရေသဘင် မဏ္ဍပ်သို့ ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သောင်းသောင်းဖြဖြ လှိုက်လှဲစွာ ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန်ယိမ်း အကအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့် အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် အရာရှိကြီးများအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်ရှိ ရေနန်းချယ်ရီမိသားစု အတာရေသဘင် မဏ္ဍပ်သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုသင်္ကြန်ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကိုပျော်ရွှင်စွာဆင်နွှဲနေကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အတာရေများ ပက်ဖျန်းပေးခဲ့ကြကြောင်းနှင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့သည်။

နေ့လယ်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်ရှိ ချယ်ရီအားမာန်နှစ်ဦးသင်္ကြန် မိသားစုရေသဘင် မဏ္ဍပ်သို့ ရောက်ရှိရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့် အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့သည်။



ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ၌ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ် အတွင်းရှိ ရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းကြကာ သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါရေကစားမဏ္ဍပ်၌ ကျင်းပသည်။





ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသန်းထွန်းဦးက နှစ်သစ်ကူးနှုတ်ခွန်းဆက် ဆုတောင်းစကားပြောကြားပြီး နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့များက မြန်နန္ဒာတေးသီချင်းဖြင့် စုပေါင်းကပြ ဖျော်ဖြေကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြပြီး အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

**သတင်းစဉ်**











သင်္ကြန်အတက်နေ့ နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**☆ နေပြည်တော်မှ**

နေပြည်တော်တွင်လည်း နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါနေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံ ဧရိယာအထိ သတ်မှတ်ပြီး တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်ဟူ၍ စိတ်ဝင်စားပျော်ရွှင်ဖွယ် ကျင်းပလျက်ရှိရာ ယနေ့ကျရောက်သည့် သင်္ကြန်အတက်နေ့တွင် သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ပြည်တွင်းမှ ပြည်သူများနှင့်အတူ ကလေးငယ်များသာမက ပြည်ပမှ သင်္ကြန်ချစ်သူများပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်းသို့ ဝင်လိုက်သည်နှင့် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းရေကစားမဏ္ဍပ်နှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်တို့က ဆီး၍ကြိုဆိုနေကြကာ အဆိုပါမဏ္ဍပ်များ၌ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် မြိုင်ဆိုင်စွာ သီဆိုဖျော်ဖြေကြသည့်အပြင် ဝန်ကြီးဌာနများမှ သင်္ကြန်ယိမ်းအဖွဲ့များကလည်း သင်္ကြန်တေးသီချင်းများဖြင့် ညီညီညာညာ ယိမ်းနွဲ့ကပြဖျော်ဖြေပေးကြပြီး မဏ္ဍပ်များက ပက်ဖျန်းလိုက်သည့် အတာရေကြားတွင် ပြည်သူများက သီချင်းသံစဉ် စည်းချက်များနှင့်အညီ လိုက်ပါယိမ်းနွဲ့၍ ကခုန်ပျော်ရွှင်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် တိုင်းရင်းသားသင်္ကြန်ဇုန်ကို သင်္ကြန်ကို အခြေခံပြီး တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအားလုံး စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး ဖြစ်စေရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုရရှိစေရန်အတွက် ထည့်သွင်းကျင်းပလျက်ရှိရာ တိုင်းရင်းသားသွေးချင်းညီအစ်ကိုများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြပြီး တိုင်းရင်းသားကိုယ်စားပြု Photo Booth များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြသည့် သင်္ကြန်ချစ်သူများကို စတုဒိသာသင်္ကြန်ဇုန်တွင် ကျွေးမွေးကြသည့် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များတွင် စုံလင်လှသော မြန်မာ့ရိုးရာအစားအစာများနှင့် မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်းရေကစားမဏ္ဍပ်မှ လူဦးရေ ၃၀၀၀ အတွက် ကြာဆံကြော်များကို အားပါးတရ နှစ်ခြိုက်စွာ သုံးဆောင်နေကြသည့်မြင်ကွင်းက မြန်မာတို့၏ ချစ်စရာဓလေ့ကို စိတ်ကြည်နူးစွာ မြင်တွေ့ရသည်။

ထို့ပြင် အစားအသောက်များ အခက်အခဲမရှိစေရန် သန့်ရှင်းလတ်ဆတ်သော အစားအစာများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဆိုင်ခန်းများတွင် စားသောက်ကုန်များ ပြတ်လပ်သည့်အထိ ကြိတ်ကြိတ်တိုး ဝယ်ယူစားသောက်နေကြသည်ကိုလည်း တွေ့ရသည်။

ယခုနှစ် လမ်းလျှောက်သင်္ကြန်တွင် ထူးခြားဆန်းသစ်သည့် အစီအစဉ်တစ်ခုအဖြစ် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်နှင့် ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း ရေကစားမဏ္ဍပ်တို့၌ နိုင်ငံကျော်အနုပညာရှင်များအပြင် ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်၊ K-Pop အဆိုတော်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Tavrida. art အနုပညာအဖွဲ့မှ အနုပညာရှင်များက DJ, Music Band တို့နှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများကို သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ဆင်နွှဲကြသူများအတွက် အခွင့်အရေးကောင်းတစ်ခုအဖြစ် မြင်တွေ့ရပြီး ပါဝင်ဆင်နွှဲကြသူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ လာရောက်ကြသည့် သင်္ကြန်ချစ်ပြည်သူအချို့က အသင့်သုံးမြန်မာ့ရိုးရာ သနပ်ခါးဘူးများကို ကိုင်ဆောင်၍ တစ်ဦးနှင့် တစ်ဦး ပျော်ရွှင်စွာ နောက်ပြောင် လိမ်းခြယ်နေကြသည့် ချစ်စရာဓလေ့တစ်ခုကိုလည်း ထူးခြားစွာတွေ့ရသည်။

ထို့ပြင် လူငယ်များနှင့် ကလေးများအတွက် အဓိကထားသည့် လူငယ်သင်္ကြန်ဇုန်တွင် Colour Party၊ Foam Party၊ Inflatable ကစားစရာရေကန်များ၊ လူကြီးများ၊ ကလေးများ ပါဝင်ဆော့ကစားနိုင်သည့် ရေလွှာလျှောစီးနှင့် ကလေးငယ်များအတွက် ပျော့အိကစားကွင်းများတွင်လည်း ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသည့်အပြင် လူငယ်များနှစ်သက်သဘောကျသည့် အစီအစဉ်တစ်ခုမှာ DJ Performance များဖြင့် ကပြဖျော်ဖြေသည့် အစီအစဉ်တစ်ခုဖြစ်သည်ကိုလည်း တွေ့ရသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများရေကစားနေစဉ် ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကုသစောင့်ရှောက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများကို ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်ကိုလည်း မြင်တွေ့ရသည်။

**သတင်း-ဟိန်းမင်းစိုး၊ သန်းမင်းအောင်**
**ဓာတ်ပုံ-ကိုကျော်ကြီးနှင့်အဖွဲ့**

# ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်ပိတ်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ သင်္ကြန်အတက်နေ့ဖြစ်သည့် ယနေ့ နံနက် ၁၀ နာရီမှ စတင်၍ နေပြည်တော် ရုံးအမှတ် (၃၈)ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၏ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များ တက်ရောက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကာ ညနေ ၆ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ပိတ်သိမ်းကြောင်း ကြေညာ၍ အခမ်းအနားအား ရုပ်သိမ်းသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)၌ ၂၀၂၄ ခုနှစ် သံတမန်သင်္ကြန်ပွဲတော် ကျင်းပ

**နေပြည်တော် မေ ၁၆**

၁၃၈၆ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယကို ကြိုဆိုသောအားဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သံတမန်သင်္ကြန်ပွဲတော်ကို ယနေ့နံနက်ပိုင်း (သင်္ကြန်အတက်နေ့) တွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ မြက်ခင်းပြင်၌ ကျင်းပသည်။

သံတမန် သင်္ကြန်ပွဲတော်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး တက်ရောက်၍ နှစ်သစ်ကူးဆုမွန်ကောင်းစကား ပြောကြားခဲ့ပြီး ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများ/ အဖွဲ့ရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံးများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။



ထို့နောက် တက်ရောက်လာကြသည့် သံတမန်များနှင့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်မှုဖြူများက သင်္ကြန်ယိမ်း အကအလှများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြပြီး ပါဝင်ဆင်နွှဲကြသူများက ပျော်ရွှင်စွာ အတူတကွ ရေပက်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**သထုံ မေ ၁၆**

မွန်ပြည်နယ် သထုံမြို့၌ ယခုနှစ်မဟာအတာသင်္ကြန်ပွဲတော်အတက်နေ့တွင် ပြည်သူများ ပျော်ရွှင်စွာရေကစားခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ကျောင်းကန်ဘုရားများ၌ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ဖြင့် ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းခဲ့ကြသည်။

မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် သထုံမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ မုန့်လုံးရေပေါ်၊ သင်္ကြန်ထမင်း စသည့် ရိုးရာအစားအစာများကို အစုအဖွဲ့အလိုက် ပြုလုပ်ကျွေးမွေးလှူဒါန်းကြပြီး မဏ္ဍပ်ငယ်များဖြင့် ရေကစားခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၌



ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာများပွားများခြင်းတို့ဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန် အတက်နေ့အား အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နှစ်သစ်မင်္ဂလာ ပန်ကြားလွှာ

❖ နှစ်သစ်ကူးတိုင်း
ရည်စူးတောင်းဆု၊ ဆန္ဒပြုကြ
ကောင်းမှုစုံထွေ ပြည့်စေသော်...။
ပေါင်းစုဂုဏ်သရေ မွေ့စေသော်...။

❖ တောင်းဆုစုံထွေ၊ ဘယ်သို့ခြွေလည်း
သည်မြေမှာဖွား၊ သည်ပြည်သားတို့
အားကြိုးမာန်တက်၊ လုံ့လဖက်၍
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်ဖြင့်
စွမ်းဆောင်ညီညာ၊ မြှင့်တင်ပါမှ
ပြည်ရွာဖွံ့ဖြိုး တိုးတက်လိမ့်...။

❖ ညီနောင်သားချင်း၊ အချင်းချင်းတွေ
စစ်ခင်းမှုရပ်၊ မေတ္တာဓာတ်ဖြင့်
ချဉ်းကပ်ဆွေးနွေး၊ "ငြိမ်းချမ်းရေး"ကို
အလေးထားကာ၊ တည်ဆောက်ပါမှ
ပြည်ရွာငြိမ်းချမ်း သာယာလိမ့်...။

❖ မျိုးရင်းနွယ်တူ၊ မြန်ပြည်သူတိုင်း
သူဖြူ ငါမည်း၊ စိတ်မကွဲဘဲ
လက်တွဲကြည်ဖြူ၊ ဖေးမ,ကူ၍
လူကိုလူချင်း၊ မေတ္တာနှင်းလျက်
ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါမှ
ဘယာရန်ဝေး ငြိမ်းအေးလိမ့်...။

❖ ကမ္ဘာမြေ၏
မည်သည့်နေရာ၊ ရောက်နေပါစေ
မြန်မာအသိ၊ ရင်မှာရှိလျက်
တိုင်းပြည့်သိက္ခာ၊ စောင့်ထိန်းပါမှ
မြန်မာဂုဏ်တင့် ထည်ဝါလိမ့်...။

❖ နှစ်သစ်ချိန်ခါ၊ မင်္ဂလာဝယ်
မြန်မာဟူသမျှ၊ ညီညွတ်ကြလျက်
အလှကိုဖွေ၊ အခြေကိုမြှင့်
အမြင့်ကိုတက်၊ ဆင့်ကမ်းလက်ဖြင့်
ထမ်းရွက်ကျေပွန်၊ ဇွဲအားသွန်မှ
မိုးစွန်တမွတ်၊ ကြယ်စင်ဆွတ်သို့
တုလွတ်ပြိုင်ကင်း
ငြိမ်းချမ်းခြင်း...
အောင်မြင်ခြင်း...
ဖွံ့ဖြိုးခြင်း...
စည်ပင်ခြင်းတို့
ကောင်းခြင်းများထွေ၊ မြန်မာ့မြေဝယ်
မသွေမုချ ပြည့်မည်တည်း။
နှစ်အသစ်၏ အစခရီး။
ရွှေမြန်မာတိုင်း ပေါင်းစုစည်း။
လက်တွေ့ပါဖို့ အရေးကြီး။ ။

**ဇော်မင်းမင်းဦး**

# မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ခဲ့

နေပြည်တော် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ယိမ်းအဖွဲ့များတက်ရောက်ကြပြီး ရေကစားမဏ္ဍပ်တွင် အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များ၏ တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ပိတ်ပွဲအခမ်းအနားကျင်းပရာ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ပိတ်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရေကစားမဏ္ဍပ်များ၊ ခေတ်နှင့်အညီ ထည့်သွင်းကျင်းပလျက်ရှိသော နေပြည်တော် လမ်းလျှောက်သင်္ကြန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၊ စိန်ပန်းမိသားစုရေကစားမဏ္ဍပ်၊ မန်ကျည်းရိပ်မိသားစုရေကစားမဏ္ဍပ်အပါအဝင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြပြီး မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ကို ပျော်ရွှင်စွာဆင်နွှဲနေစဉ်။

## ကြည့်ရှုအားပေး

မဟာသင်္ကြန်အတက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ်အသီးသီးတို့၌ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပါဝင်ဆင်နွှဲကြသည်။

ထို့အပြင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးမြို့ရှိရေကစားမဏ္ဍပ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲဆင်နွှဲကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့ပြင် နေပြည်တော် လမ်းလျှောက်သင်္ကြန်နှင့် ရေပန်းဥယျာဉ်၊ လေ့ခွင်းတောင် အပန်းဖြေစခန်း၊ ရန်ကုန်လမ်းလျှောက်သင်္ကြန်၊ မန္တလေးလမ်းလျှောက်သင်္ကြန်တို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အထင်ကရနေရာများ၌ လာရောက်အပန်းဖြေ အနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စားသောက်ဆိုင်များ၊ ဒေသထွက်ကုန် ရောင်းချနေသော ဈေးဆိုင်များ ဖွင့်လှစ်ထားရှိကာ စည်ကားသိုက်မြိုက်လျက်ရှိသည်။

ယင်းအပြင် ရေသဘင်ဆင်နွှဲကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ပျော်ရွှင်စွာရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော်ကို ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ကို ပျော်ရွှင်စွာဆင်နွှဲနေစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ကို ပျော်ရွှင်စွာဆင်နွှဲနေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၆**

နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန် မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံအထိ ကျင်းပလျက်ရှိသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်ဇရိယာအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် လွတ်လပ်စွာ အတာရေသဘင်ပွဲတော် ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာန ရေကစားမဏ္ဍပ်များ၌ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာရေကစားမဏ္ဍပ်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း မဏ္ဍပ်တို့၌ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များ၊ ကိုရီးယားနိုင်ငံမှ K-Pop အဆိုတော်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြိုင်ဆိုင်စွာ သီဆိုဖျော်ဖြေနေမှု၊ ဝန်ကြီးဌာနများမှ သင်္ကြန်ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ညီညီညာညာ ယိမ်းနွဲ့ကပြ ဖျော်ဖြေနေမှုနှင့် စတုဒိသာမဏ္ဍပ်တွင်စုံလင်လှသော မြန်မာ့ရိုးရာ အစားအစာများဖြင့် ကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးအား နေပြည်တော်လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ ပါဝင်ဖျော်ဖြေခဲ့ကြသည့် ကိုရီးယားနိုင်ငံ K-Pop အနုပညာရှင်များနှင့် Bomstar Company မှတာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

**ပေးအပ်**

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည့် ကိုရီးယားနိုင်ငံမှ K-Pop အနုပညာရှင်များကို နေပြည်တော်ရှိ မြတ်တော်ဝင် ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် ဧည့်ခံပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် ကိုရီးယားနိုင်ငံမှ K-Pop အနုပညာရှင်များသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ **သတင်းစဉ်**








# ဒုတိယဝန်ကြီး ဦးရဲတင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့၌ ကျင်းပသည့် World Internet Conference Digital Silk Road Development Forum တွင် အမှာစကားပြောကြား

**ရှီအန်း ဧပြီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့ရှိ Internation Convention Center တွင် ကျင်းပသည့် World Internet Conference Digital Silk Road Development Forum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ Vice – Chairperson of 14th CPPCC National Committee , H.E . Wang Yong , Secretary of the CPC Shaanxi Provicial Committee , Chairperson of Standing Committee of Shaanxi Provincial Congress, H.E. Zhao Yide တို့ တက်ရောက်၍ နှုတ်ဆက်အမှာစကား ပြောကြားကြသည်။




**အဖွင့်မိန့်ခွန်းပြောကြား**

ထို့နောက် WIC မှ တာဝန်ရှိသူများ၊ အထူးဧည့်သည်တော်များနှင့်အတူ ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဖိုရမ်၏ ခေါင်းစဉ်မှာ Connectivity and Shared Prosperity ဖြစ်သဖြင့် ဒစ်ဂျစ်တယ်ပိုးလမ်းမကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဆွေနိုင်ငံအသီးသီးက အတူချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အတူတကွမျှဝေခံစားနိုင်စေရန် နှိုးဆော်တိုက်တွန်း၍ ဖော်ဆောင်သည်ဟု ခံစားမိပါကြောင်း၊ ဒစ်ဂျစ်တယ်ပိုးလမ်းမစီမံကိန်းတွင် 5G အင်တာနက်ကွန်ရက်များ၊ သမုဒ္ဒရာဖြတ်ကျော်ရေအောက်ကြေးနန်းများ၊ ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်အပါအဝင် ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်ခြင်းများ၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ နည်းပညာသုံးကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ IT နည်းပညာစင်တာများ တည်ထောင်ခြင်းနှင့် Smart City များ တည်ထောင်ခြင်း၊ အီလက်ထရောနစ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း(E-Commerce) များ ပါဝင်သည့်အတွက် စီမံကိန်းတွင်ပါဝင်သည့် ဒေသများ၊ နိုင်ငံများအားလုံး အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ပိုးလမ်းမသည် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးကို သိသာထင်ရှားစွာ ပြောင်းလဲလာစေနိုင်ပြီး ယဉ်ကျေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ရေးအတွက် နည်းပညာကို အသုံးချဆောင်ရွက်ရန်လိုအပ်သည့် တူညီသောအမြင်ကို ဖော်ပြလျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကြောင့် အကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှု၊ ဆိုရှယ်မီဒီယာများတွင် မဟုတ်မမှန်သတင်းများနှင့် အမုန်းစကားများ ကြီးထွားလာမှု၊ ဒစ်ဂျစ်တယ်ကွာဟမှုနှင့် ဆိုက်ဘာလိမ်လည်မှုအပါအဝင် စိန်ခေါ်မှုများကိုလည်း ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း၊ အတူတကွလုပ်ဆောင်ခြင်း၊ ကောင်းမွန်သောလုပ်ဆောင်မှုများကို မျှဝေခြင်း၊ စနစ်ကျပြီး ခိုင်မာသော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးကင်းလုံခြုံသော ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်ကို ဖန်တီးသွားကြရမည်ဟု ယူဆကြောင်း၊ ကျေးလက်ပြည်သူများကို ဘက်ပေါင်းစုံမှ အကျိုးဖြစ်ထွန်းစေနိုင်သည့် ဒစ်ဂျစ်တယ်ကျေးရွာများ ထူထောင်ပေးပြီး ၎င်းတို့ကို ဒစ်ဂျစ်တယ်ပိုးလမ်းမမဟာဗျူဟာထဲသို့ ထည့်သွင်းပေါင်းစပ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေပြီး ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်ပိုးလမ်းမကြီး ဖွံ့ဖြိုးတိုးတက်မှုများသည် မိမိတို့မြန်မာနိုင်ငံအတွက်လည်း အကျိုးရှိသော မောင်းနှင်အားဖြစ်သဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့သည် မိမိတို့မြန်မာနိုင်ငံတွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိပြီး တစ်ဦးနှင့်တစ်ဦး ရေစင်များ ပက်ဖျန်းကာ နှစ်သစ်ကို ကြိုဆိုသည့်အချိန်နှင့် တိုက်ဆိုင်နေပါကြောင်း၊ ထို့ကြောင့် ယခုလို မြန်မာနှစ်သစ်ကူးအခါသမယမှာ ကြုံတွေ့ရသည့် တက်ရောက်လာသူ မိတ်ဆွေများအားလုံး သင်္ကြန်အတာရေကဲ့သို့ အေးချမ်းပျော်ရွှင် ချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် World Internet Conference မှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့မှ ကျွမ်းကျင်သူများ၊ ပညာရှင်များ တက်ရောက်ကြပြီး အဓိကဖြစ်သည့် Digital Silk Road Forum အပြင် သတ်မှတ်ခေါင်းစဉ်များဖြင့် ဖိုရမ်အငယ်များခွဲပြီး ဆွေးနွေးညှိနှိုင်း၍ ဒစ်ဂျစ်တယ်ပိုးလမ်းမကြီး တည်ဆောက်ရေး နည်းလမ်းကောင်းများ၊ အခွင့်အလမ်းများ ရှာဖွေထုတ်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် World Internet Conference Digital Silk Road Development Forum သို့ ဆက်လက်တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

# စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ပညာရှင်တို့၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ

ညီမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

၁၃၈၆ ခုနှစ် မြန်မာ့နှစ်သစ်ကူးတွင် မြန်မာပြည်သူပြည်သားအပေါင်း ဘေးရန်ကင်းကာ သုခချမ်းသာပြီး ငြိမ်းချမ်းသာယာပါစေကြောင်း စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကားသံများကို ဖော်ပြအပ်ပါသည် -


တက္ကသိုလ်မြတ်သူ


ဒါရိုက်တာ ကြည်စိုးထွန်း


ပန်းချီစိုးမိုး


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း

**တက္ကသိုလ်မြတ်သူ**

'နိုင်ငံကြော့ပြည်သူမှာ ပန်ဆုယူ အတာသွန်းချိန်မို့' ဆိုပြီး ရေးစာဆိုတွေ စပ်ဆိုထားတာ ရှိပါတယ်။ သယံဇာတပေါ များတဲ့ မြန်မာနိုင်ငံကြီးဟာ ကြော့ကြော့ မော့မော့ ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းစွာ ရှိနေကြမယ်ဆိုရင် အာရှတိုက်မှာ ချမ်းသာ တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာမှာ ပါ။ အာရှကျားလို့ဆိုကြတဲ့ လေးတောင်၊


ဒေါ်နွဲ့နွဲ့စန်း

ငါးတောင်ကျားလိုမျိုး မဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာကြော့ကြော့မော့မော့ရှိနေ တဲ့ ကိုးတောင်ပြည့်ကျား ဖြစ်လာနိုင်ပါ တယ်။ ရေးစာဆိုနဲ့အညီ မိမိနိုင်ငံ ကြော့မော့ ဖွံ့ဖြိုးတိုးတက်နေအောင် ဒီအချိန်မှာ ညီညွတ်တဲ့စိတ်ဓာတ်၊ မိမိ တိုင်းပြည်ကို တန်ဖိုးထားတဲ့စိတ်ဓာတ် ရှိကြရပါမယ်။ ဇာတိ ပုည ဂုဏ်မာနဆိုတဲ့ စကားအတိုင်း နှစ်သန်းပေါင်း ၄၀ ပုံတောင် ပုံညာရှိကတည်းက လူနဲ့တူတဲ့သက်ရှိတွေ မြန်မာနိုင်ငံမှာ ပေါ်နေပါပြီ။ ကမ္ဘာ့ လူသားအစ မြန်မာကလို့ပြောတယ်။ ကျောက်ခေတ် ယဉ်ကျေးမှုလက်ရာတွေ ထွန်းကားတဲ့ ရှောင်မြို့နယ်က ပြဒါးလင်းဂူ ကိုကြည့်မယ်ဆိုရင် ကျောက်ခေတ် ယဉ်ကျေးမှုတွေကို တွေ့ရမှာပါ။ ဒါဟာ သမိုင်းသက်သေတစ်ခုပါ။ ဒါကြောင့် မြန်မာ့အတိတ်သမိုင်းဟာ ဂုဏ်ယူစရာပါ။

ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံကြီးဖြစ်အောင်၊ ကြော့မော့နေတဲ့ နိုင်ငံတစ်ခုဖြစ်အောင် အားလုံးဝိုင်းဝန်း လုပ်ဆောင်ကြဖို့လိုပါ တယ်။ 'ပန်ဆုယူအတာ သွန်းချိန်မို့' ရေးစကားနဲ့အညီ တိုင်းပြည်ညီညွတ်ပါ စေ၊ ငြိမ်းချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ဘာသာသာသနာလည်း ထွန်းကားပါစေ ဆိုတဲ့ ဆုတောင်းစိတ်နဲ့ နှစ်သစ်ကိုပန်ဆု ယူပြီး ကြိုကြပါလို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများကို မေတ္တာရပ်ခံလိုပါ တယ်။ ပြည်သူပြည်သားအပေါင်း ဘေးကင်းရန်ကင်း သုခချမ်းသာပြီး ငြိမ်းချမ်းသာယာပါစေကြောင်း နှစ်သစ် ဆုတောင်းစကား ပို့သလိုက်ပါတယ်။

**ဒါရိုက်တာကြည်စိုးထွန်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

မြန်မာ့နှစ်ဟောင်းကုန်လို့ နှစ်သစ် အချိန်အခါကို ကူးပြောင်းချိန်မှာ မြန်မာ


ဒေါ်ပုလဲ


မိုးယံဇွန်

နိုင်ငံသူ နိုင်ငံသားအပေါင်း၊ ပြည်ထောင်စု ဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမ အပေါင်း နှစ်သစ်ကူးအတာသင်္ကြန်ကာလ မှာ စိတ်သစ်၊ လူသစ်ညီညွတ်စွာနဲ့ ပျော်ရွှင် ချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။ ပြည်သူပြည်သားများဟာ ရုပ်ရှင်လောကသားများ မီခိုအားထားရာ ကျေးဇူးရှင်များလည်းဖြစ်ပါတယ်။ ရေမြင့် မှ ကြာတင့်သလို ရုပ်ရှင်ကြည့် ပရိသတ် များ ရွှင်လန်းမှ ကျွန်တော်တို့လည်း စိတ်ရွှင်လန်းကြမှာပါ။ ဒါကြောင့် ရေလို အေးပြီး ပန်းလိုမွှေးကြပါစေ။ မြန်မာနိုင်ငံ တော်ကြီးလည်း ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေလို့ရင်ထဲကလှိုက်လှိုက် လှဲလှဲ ဆုတောင်းမေတ္တာပို့သပါတယ်။

**ပန်းချီစိုးမိုး(ရုပ်ရှင်ဒါရိုက်တာ)**

မြန်မာ့နှစ်သစ်မှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ အတာပွဲတော်နဲ့အတူ စိတ်သစ်ကိုယ်သစ်နဲ့ နိုင်ငံအကျိုး၊ သာသနာ့အကျိုး၊ အများပြည်သူအကျိုး ဆောင်ရွက်နိုင်ကြပါစေ။ တိုင်းရင်းသား လူမျိုးစုအပေါင်း တစ်မိဝမ်းတွင်းမှ သက်ဆင်းသည့် ညီရင်းအစ်ကိုပမာ ဆတက်တိုးချစ်ခင်ညီညွတ်ကြပြီး မြန်မာ



ရန်အောင်


ဆုပန်ထွာ

နိုင်ငံကြီး ကမ္ဘာ့အလယ်မှာ တင့်တယ် ဝင့်ကြွားနိုင်ပါစေ။ ကမ္ဘာကြီးလည်း အေးချမ်းသာယာပြီး မြန်မာနိုင်ငံလည်း အေးချမ်းသာယာပါစေကြောင်း နှစ်သစ် မင်္ဂလာမှာ ဆုတောင်းမေတ္တာ ပို့သပါတယ်။

**ဦးလွင်မြင့် (မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ)**

ယခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ် ကူးတဲ့အချိန်အခါ ပိတောက်ပန်းတွေ ဝေချိန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသား များ အထွတ်အမြတ်ထားရာ အတာရေပက် ဖျန်းတဲ့ သင်္ကြန်ပွဲတော် အခါသမယလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး ဘေးရန်ကင်းပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း နဲ့ ပြည့်စုံကြပါစေ။ ကောင်းကျိုးလိုအင် ဆန္ဒမှန်သမျှ အားလုံးကိုယ်စီကိုယ်ငှ ပြည့်ဝကြပါစေ။ ကျွန်တော်တို့နိုင်ငံမှာ ပိတောက်ပန်း၊ ငုပန်းတွေဝေပြီး သင်းကြိုင် နေတဲ့အခါသမယမှာ နိုင်ငံသူနိုင်ငံသား အားလုံး၊ တိုင်းရင်းသားအားလုံး ချစ်ခြင်း မေတ္တာပန်းရနံ့များ သင်းကြိုင်မွှေးပျံ့တဲ့ အချိန်အခါကို ရောက်ရှိကြပါစေ။ သင်္ကြန် အတာရေပက်ဖျန်းချိန်မှာ တိုင်းရင်းသား အားလုံး အေးချမ်းသာယာစွာ အတူ လက်တွဲနေထိုင်နိုင်ကြပါစေ။ သင်္ကြန် သီချင်းများ ပျံ့လွင့်နေချိန်မှာလည်း ငြိမ်းချမ်းရေးတေးသံများ ကျွန်တော်တို့နိုင်ငံ မှာလွင့်ပျံ့ပြီး ငြိမ်းချမ်းသာယာသော နိုင်ငံ တစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်ရှိ ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးအောင်တင်ဝင်း (မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နာယက)**

ပြည်သူပြည်သားအပေါင်း ကျန်းမာ ချမ်းသာ လန်းဖြာကြပါစေ။ အားလုံးနှလုံး စိတ်ဝမ်းအေးချမ်းမှ တိုင်းပြည်သာယာမှာ ပါ။ တိုင်းပြည်အေးချမ်းသာယာပြီး ကိုယ်လည်း ကျန်းမာစိတ်ချမ်းသာ ဘယာ ကင်းပ လိုတိုင်းရ သုခချမ်းသာအဖြာဖြာနဲ့ ပြည်သူပြည်သားအပေါင်း ပြည့်စုံကြပါ စေလို့ အမြဲဆုမွန်ကောင်း ပို့သလျက်ပါ။ သဘင်လောကသားအပေါင်းနဲ့ အနုပညာ ရှင်များအားလုံးလည်း ကျန်းမာချမ်းသာ လန်းဖြာပြီး အားလုံးအဆင်ပြေကြပါစေ လို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ ပို့သ လိုက်ပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်း**

ပြည်သူပြည်သားအပေါင်း အေးချမ်း သာယာကြပါစေ။ စီးပွားရေးလုပ်ငန်းများ လည်း အောင်မြင်ကြပါစေ။ အခက်အခဲ ဟူသမျှ ကျော်လွှားနိုင်ကြပါစေ။ ရုပ်ရှင် လောကသားများလည်း ဇာတ်လမ်း များများ ရိုက်ကူးနိုင်ကြပြီး အနုပညာ လောကမှာ ထာဝရရပ်တည်နိုင်ကြပါစေ။ နှစ်သစ်မှာ လူသစ်၊ စိတ်သစ်၊ နှလုံးသား အသစ်နဲ့ ပျော်ရွှင်နိုင်ကြပါစေ။ အနုပညာ ဟာ တိုင်းပြည်အတွက်ပဲ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် လုပ်ဆောင်လာတာ ၈၅ နှစ်ထဲ ရောက်နေပါပြီ။ ပြည်သူ ပြည်သားအပေါင်းလည်း သက်ရှည် ကျန်းမာ ဘေးကင်းရန်ကင်းပြီး ကပ်ကြီး သုံးပါးကို ကျော်လွှားနိုင်ကြပါစေ။

**ရုပ်ရှင်သရုပ်ဆောင်ဒေါ်ပုလဲ**

ပြည်သူပြည်သားအပေါင်း ရွှင်လန်း ချမ်းမြေ့ပါစေ။ အနုပညာရှင်လောကသား အားလုံး ချမ်းမြေ့ကြပါစေ။ မြန်မာပြည်သူ ပြည်သားများ အေးချမ်းကြပါစေ။ ဦးဝင်းဦး နဲ့ဇာတ်ကား ရှစ်ကားမှာ ခုနစ်ကားရိုက်ခဲ့ရ တယ်။ ၁၉၇၅ ခုနှစ်မှာ သင်္ကြန်ဇာတ်ကား ဖြစ်တဲ့ ချစ်သူကြင်သူမြတ်နိုးသူဇာတ်ကား ကို ပထမဆုံးရိုက်ခဲ့ရတယ်။ မကြာခင်က ရုပ်သံမှာ ပြသွားတော့ သင်္ကြန်ရောက်ချိန် ဆိုရင် ပိုပြီးသတိရမိပါတယ်။ ဒီနှစ်သစ်ကူး မှာ မြန်မာပြည်ကြီး သင်္ကြန်ရေလိုအေးချမ်း ပြီး စီးပွားရေးလာဘ်လာဘများတိုးတက် ပါစေ၊ ငြိမ်းချမ်းသာယာပါစေ၊ ဦးညွန့်ဝင်း သီချင်းထဲကလို ပြည်သူပြည်သားအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှစ်သစ် ဆုတောင်းစကား ပို့သလိုက်ပါတယ်။

**အကယ်ဒမီ ရန်အောင်**

မြန်မာသက္ကရာဇ် ၁၃၈၅ ကနေ ၁၃၈၆ ခုနှစ် နှစ်သစ် ဖြစ်ပါတယ်။ ယနေ့ ကစပြီးတော့ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံ သားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး အနာရောဂါကင်းဝေးကြပါစေ၊ ကပ်ရောဂါ ဘေးမှ ကင်းဝေးကြပါစေ၊ စိတ်၏ချမ်းသာ ခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြ ပါစေ၊ စီးပွားလာဘ်လာဘများလည်း တိုးတက်ပါစေ၊ အနှောင့်အယှက် အန္တရာယ် ကင်းဝေးကြပါစေ၊ ဘေးဥပဒ် အန္တရာယ်ကင်းဝေးပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် မိုးယံဇွန်**

မင်္ဂလာပါခင်ဗျာ၊ ကျွန်တော်တို့ရဲ့ မြန်မာသက္ကရာဇ် ၁၃၈၅ ကနေပြီးတော့ ၁၃၈၆ ခုနှစ် နှစ်သစ် ဖြစ်ပါပြီ။ ဒီလိုနေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ခုနစ်ရက် သားသမီးများအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး စိတ်ကျန်းမာ၊ ကိုယ်ချမ်းသာ နဲ့နှစ်သစ်ကို ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန် ကောင်း တောင်းပေးပါတယ်။ နောက်ပြီး ပရိသတ်တွေအားလုံးလည်း ပျော်ရွှင်စွာ နှစ်သစ်ကူးကာလကို ဖြတ်သန်းနိုင်ပါစေ လို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ**

မြန်မာ့သင်္ကြန်အပြီး နှစ်ကူးလေးပေါ့ နော်။ မြန်မာနှစ်ကူးလေးဖြစ်တဲ့အတွက် အားလုံးပဲ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ တစ်နှစ် ပတ်လုံး စီးပွားတွေ တိုးတက်ကြပါစေ၊ အားလုံးကံကောင်းကြပါစေလို့ ဆုတောင်း ပေးပါတယ်ရှင်။ ပရိသတ်တွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နဲ့ ပြည့်စုံကြပါစေ၊ အဓိက စိတ်ချမ်းသာကြ ပါစေလို့ ပန်ပန်ဆုတောင်းပေးပါတယ်ရှင်။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားသို့တက်ရောက်

**ရန်ကုန် ဧပြီ ၁၆**

၁၃၈၅ ခုနှစ် မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန် အတာရေသဘင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ သင်္ကြန်ချစ်သူပြည်သူများ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ရာ ယနေ့မဟာသင်္ကြန်အတက်နေ့တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၊ ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် Royal Apex မဏ္ဍပ်တို့တွင် ယိမ်းအဖွဲ့များ၏ အကအလှများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှအနုပညာရှင်များက မြူးကြွသော တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မဟာသင်္ကြန်နောက်ဆုံးရက် အတာရေသဘင်ဆင်နွှဲကြသူ သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။



ညနေ ၅ နာရီတွင် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်၊ Royal Apex မဏ္ဍပ်ပိတ်ပွဲအခမ်းအနားများကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပိတ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားကာ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်အား ပိတ်သိမ်း၍ တေးသံရှင် ရဲထိုက်က မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ယိမ်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်း- ကိုကိုဇော်

ဓာတ်ပုံ -ဇော်မင်းလတ်၊ရဲထွန်း

# မဟာသင်္ကြန်အတက်နေ့တွင် သံတမန်များနှင့် မိသားစုများ ရန်ကုန်ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တို့၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများ၊ အဖွဲ့ရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံးများမှ ကိုယ်စားလှယ်များက ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တို့၌ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဇနီး ဦးဆောင်သည့် သံတမန်များနှင့် ဧည့်သည်တော်များသည် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သင်္ကြန်ယိမ်းအဖွဲ့ လုံမပျိုလေးများက သပြေခက်များဖြင့် ရေပက်ဖျန်းကြသည်။

ထို့နောက် ယိမ်းအဖွဲ့များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီအောင်ခိုင်၊ တိုင်းရင်းသားရိုးရာအကအဖွဲ့၊ အထူးဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ယိမ်းအဖွဲ့တို့၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တေးသံရှင် စိုးညီညီက မြနန္ဒာ သီချင်း သီဆိုရာ သံတမန်များနှင့် ဧည့်သည်တော်



များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် သံတမန်များနှင့် ဧည့်သည်တော်များသည် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်၌ သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေကစားကြသည်။

ဆက်လက်၍ သံတမန်များနှင့်ဧည့်သည်တော်များသည် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြပြီး နိုင်ငံခြားပြန် ရွှေတံဆိပ် ၁၅ ဆုရှင် ဦးစိန်မြင့်အေး၏ ဇော်ဂျီအက၊ နိုင်ငံခြားပြန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နည်းပြ မမြင့်စန္ဒာ၏ ခြင်းလုံးခတ်အကတို့ကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဧည့်သည်တော် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက သင်္ကြန်မိုးသီချင်းကိုသီဆိုပြီး ယိမ်းအဖွဲ့နှင့်အတူ ပျော်ရွှင်စွာ ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် မန်းတောင်ရိပ်ခိုသီချင်းကို သီဆိုကြပြီး စုပေါင်းကခုန်ကြသည်။ ထို့နောက် သံတမန်များနှင့် ဧည့်သည်တော်များသည် မဟာဗန္ဓုလပန်းခြံဘေး လမ်းလျှောက်သင်္ကြန်တွင် သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲရေကစားကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သံတမန်များနှင့် ဧည့်သည်တော်များအား မြို့တော်ခန်းမရှိ ပထမထပ်ခန်းမကြီး၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာသုံးဆောင်နေစဉ် မြန်မာတိုင်းရင်းသားရိုးရာအကအလှများ၊ နိုင်ငံခြားပြန် ရတနာမင်းကျောက်ဆည်ဆင်အက၊ ယိမ်းအကအဖွဲ့များဖြင့် ကပြဖျော်ဖြေကြသည်။

ယနေ့သင်္ကြန်အတက်နေ့တွင် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တို့၌ ရေပက်ခံထွက်သူများ၊ ရေကစားကြသူများ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သတင်းစဉ်

ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွန်း







# ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် မေ ၁၆

တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲအခမ်းအနားနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အငယ်တန်းနှင့် အကြီးတန်းယိမ်းပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိသည့် ယိမ်းအဖွဲ့များနှင့် အထူးဆုရရှိသည့် ယိမ်းအဖွဲ့များ၊ အငယ်တန်းယိမ်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် မူလတန်းအုပ်စု(၄)ယိမ်းအဖွဲ့နှင့် အကြီးတန်းယိမ်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပုသိမ်တက္ကသိုလ်ယိမ်းအဖွဲ့၊ အငယ်တန်းယိမ်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မူလတန်းအုပ်စု



(၁)ယိမ်းအဖွဲ့နှင့် အကြီးတန်းယိမ်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် စခန်းရုံးကိုယ်စားပြုယိမ်းအဖွဲ့တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အငယ်တန်းနှင့် အကြီးတန်းသင်္ကြန်မယ်ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ အငယ်တန်းယိမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မူလတန်းအုပ်စု(၃)ယိမ်းအဖွဲ့၊ အကြီးတန်းယိမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စည်ပင်သာယာရေးအဖွဲ့ကိုယ်စားပြု (လင်းလက်မေ) ယိမ်းအဖွဲ့တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ဆုမွန်ကောင်းတောင်း၍ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာပေးပြီး ယိမ်းအဖွဲ့များက "မန်းတောင် ရိပ်ခို"သီချင်းဖြင့် စုပေါင်းကပြခဲ့ကြကာ အတာရေများ ပက်ဖျန်းပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အား ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၀ ခု၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၂၁ ဖွဲ့တို့က သင်္ကြန်ကာလအတွင်း ယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြပြီး ပြည်သူများပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပပေးခဲ့ကာ လမ်းလျှောက်သင်္ကြန်တွင် လာရောက်ရေကစားသူများအား စတုဒိသာများဖြင့်လည်း နေ့စဉ်ကျွေးမွေးဧည့်ခံပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

မော်လမြိုင် မေ ၁၆

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီက မော်လမြိုင်မြို့ ကမ်းနားလမ်းဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဂုဏ်ပြုဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးတို့က ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင်ယိမ်းအဖွဲ့သင်္ကြန်မယ်များက တေးသီချင်းများဖြင့် စုပေါင်းကပြဖျော်ဖြေခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကအခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၊ ယိမ်းအဖွဲ့များနှင့် ပြည်သူများအား အတာရေများ ပက်ဖျန်းပေးခဲ့သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အား ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များဖြင့် သင်္ကြန်ကာလအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မဟာသင်္ကြန်အတက်နေ့ ပဲခူးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ ပြည်သူများ ရေကစားနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပဲခူး မေ ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းက ပဲခူးမြို့ရှိ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များတွင် အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေမှုနှင့် စတုဒိသာစားသုံးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်သို့သွားရောက်၍ ဌာနဆိုင်ရာများ၏ ဖျော်ဖြေရေးယိမ်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာ အသီးသီးရှိ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက ဧည့်ခံကပြဖျော်ဖြေခြင်း၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပသော လမ်းလျှောက်သင်္ကြန်ကျင်းပနေသည့် လမ်းဘေးဝဲ၊ ယာတစ်လျှောက် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များတွင် ရေကစားလာသူပြည်သူများ၊ စတုဒိသာလာရောက်သုံးဆောင်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ရပ်ကွက်/ လမ်းများအလိုက် အများပြည်သူ ရေကစားမဏ္ဍပ်တို့တွင်လည်း ရေကစားသူများ၊ ရေပတ်ခံထွက်သူ များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တောင်ငူမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကျင်းပ

တောင်ငူ မေ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ယနေ့ညနေ ၅ နာရီခွဲက ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးရှေ့၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား "မန်းတောင်ရိပ်ခို" သီချင်းဖြင့် အောင်မြင်စွာပိတ်သိမ်းသည်။

တောင်ငူမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်တေးသီချင်းများ၊ DJ စတိတ်ရှိုးအစီအစဉ်များဖြင့် သီဆိုဧည့်ခံဖျော်ဖြေခဲ့ပြီး ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ လာရောက်ရေကစားကြသောပြည်သူများအား ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် သင်္ကြန်အကြိုနေ့မှစတင်ကာ နေ့စဉ်ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# နေပြည်တော်၌ သင်္ကြန်အတက်နေ့ ရေကစားအပန်းဖြေသူများ ယခင်ရက်များထက် အထူးစည်ကားများပြား



နေပြည်တော် ရေပန်းဥယျာဉ်၌ သင်္ကြန်အတက်နေ့ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၁၆**

ယနေ့သည် သင်္ကြန်ချစ် ပြည်သူများအတွက် မြန်မာ့နှစ်သစ် မကူးပြောင်းမီ မဟာသင်္ကြန်ပွဲတော် အတက်နေ့ နောက်ဆုံးနေ့ဖြစ်သည့် အားလျော်စွာ အနယ်နယ်အရပ်ရပ်ရှိ မြန်မာနိုင်ငံသူ နိုင်ငံသားများမှာ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ရေကစား၍ နှစ်သစ်ကို ဖြတ်သန်းကြသည်။

**အထူးစည်ကားများပြား**

နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ ယနေ့တွင် ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ စတုဒိသာ ကျွေးမွေး အလှူဒါနပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ယနေ့နံနက်ပိုင်းမှ စတင်၍ နိုင်ငံကျော်တေးသံရှင်များ၊ K-Pop အဆိုတော်များနှင့် ရုရှားအနုပညာရှင်များက မြူးကြွသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး သင်္ကြန်ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့် ဖျော်ဖြေခဲ့ကြရာ ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် စည်ကားခဲ့သည့်အပြင် စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်ရေပက်ကစားကြသူများအား အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့သည်။

ယခုနှစ်တွင် နေပြည်တော်၌ ဒုတိယအကြိမ်အဖြစ် ကျင်းပခဲ့သည့် လမ်းလျှောက် သင်္ကြန်အတက်နေ့တွင် ယခင်ရက်များထက်ပိုပြီး လာရောက်လည်ပတ်ကြသူများ၊ အေးချမ်းစွာ လမ်းလျှောက်၍ ရေပက်ခံကြသူများက ပျော်ရွှင်စွာ ရေလောင်းရေပက်ကစား၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်း၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိမြို့နယ်များရှိ ရေကစားမဏ္ဍပ်များ၊ မိသားစုမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူ ပြည်သူများက ပျော်ရွှင်စွာ ရေကစားခြင်း၊ အလှူဒါနပြုလုပ်ခြင်းများဖြင့် စည်ကားခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစု စေတီတော်၊ ရန်အောင်မြင် ရွှေလက်လှဘုရား၊ သတ္တသတ္တာဟ သံဝေဇနိယ လေးဌာနစေတီ၊ ကိုးခမ်းကြီးဘုရား၊ ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်ကြီး၊ လှေခွင်းတောင်ဘုရား စသည့် ဘုရားကျောင်းကန်များနှင့် တရားစခန်းများတွင် ကုသိုလ်ပြုကြသူများ၊ တရားဘာဝနာပွားများ ကြသူများလည်း များပြားခဲ့သည်။

အလားတူ သင်္ကြန်ချစ်သူများက နေပြည်တော် ကောင်စီနယ်မြေအတွင်း အထင်ကရနေရာများဖြစ်သော နေပြည်တော် ရေပန်းဥယျာဉ်၊ လှေခွင်းတောင် ကမ်းခြေအပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် မင်္ဂလာကန်တော်တို့တွင် လာရောက်အပန်းဖြေ အနားယူကြသူများ၊ ရေကစားကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့အတူ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန်နှင့် အပန်းဖြေကမ်းခြေစခန်းများ၌ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေး နှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**စည်းကမ်းတကျပိတ်သိမ်း**

ယနေ့တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် မြို့နယ်များရှိ ရေကစားမဏ္ဍပ်များ၌ ရေကစားကြသည့် ပြည်သူများသည် ညနေပိုင်း သတ်မှတ်အချိန်တွင် စည်းကမ်းတကျ ပိတ်သိမ်းခဲ့ကြသည်။

**သတင်း-သန်းမင်းအောင်၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ-ကိုကျော်ကြီးနှင့်အဖွဲ့**



## တိုက်ကြီးမြို့နယ်၌ ရေကစားသူများဖြင့် အထူးစည်ကား

**တိုက်ကြီး ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ယနေ့မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန် - ပြည်လမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ရေပက်ခံထွက်သူ ၊ ရေကစားသူများဖြင့် အထူးစည်ကားလျက်သည်။

တိုက်ကြီးမြို့နယ် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေခြင်း၊ မြန်မာ့ဆိုင်းဝိုင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့များကလည်း တေးသီးချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြီး ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အလားတူ တိုက်ကြီးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် / ကျေးရွာများ၌ စတုဒိသာများကို အစုအဖွဲ့အလိုက် ကျွေးမွေး လှူဒါန်းကြခြင်းနှင့် အုန်းလက်မဏ္ဍပ်ငယ်များဖြင့် ရေကစားခြင်းတို့ဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်ရွှေမြို့နယ် အင်းလေးရေပေါ်မဟာသင်္ကြန် ပိတ်ပွဲကျင်းပ

**ညောင်ရွှေ ဧပြီ ၁၆**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အင်းလေးရေပေါ်သင်္ကြန် ပိတ်ပွဲအခမ်းအနားကို ယနေ့(မဟာသင်္ကြန်အတက်နေ့) ညနေပိုင်းက အင်းလေးဒေသ မိုင်းသောက်ကျေးရွာအနီး ရေပြင်ရှိ ရေလယ်ဧည့်ခန်းမ(အင်းလယ်ဗိုလ်တဲ) ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

**အတာရေဖျန်းပက်**

အခမ်းအနားတွင် ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က အင်းလေးရေပေါ်သင်္ကြန် ပိတ်ပွဲအမှာစကား ပြောကြားပြီး ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းကပြကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက ပွဲတော်လာ ဧည့်သည်များ၊ ယိမ်းအကအဖွဲ့များကို အတာရေများ ဖျန်းပက်ခဲ့ကြသည်။



အင်းလေး ရေပေါ်သင်္ကြန် နောက်ဆုံးနေ့ဖြစ်သည့် မဟာသင်္ကြန်အတက်နေ့တွင် ရေကစားသူများသည် စက်လှေများ၊ ရေကစားမဏ္ဍပ်နှင့် ရေကစားရန် သတ်မှတ်ထားသည့် ဖောင်များပေါ်မှနေ၍ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ အင်းလေး ရေပေါ်သင်္ကြန်သို့ လာရောက်လည်ပတ် ရေကစားကြသည့် ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များကို ယိမ်းအကအဖွဲ့များက အကများ၊ ဧည့်သည်တေးသံရှင်များနှင့် ဒေသခံတေးသံရှင်များက တေးသံသာများဖြင့် ကပြသီဆို ဖျော်ဖြေခဲ့သည့်အပြင် အလှူရှင်များကလည်း စတုဒိသာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



## မော်လမြိုင်မြို့၌ မဟာသင်္ကြန်ပွဲတော် အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**မော်လမြိုင် ဧပြီ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ယနေ့သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဌာနဆိုင်ရာသင်္ကြန်မဏ္ဍပ်၊ ဗဟိုမဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ စတိတ်ရှိုးကဏ္ဍများ၏ ဧည့်ခံဖျော်ဖြေနေမှုများအပြင် အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမှုများဖြင့် စည်ကားလျက်ရှိသည်။

မော်လမြိုင်မြို့မဏ္ဍပ်များသို့ မြို့ပေါ်ရပ်ကွက်များနှင့် အမြို့မြို့အနယ်နယ်မှ ဝါသနာရှင်များက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ကြည့်ရှုအားပေးကြသည်။

မော်လမြိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ မိသားစုအလိုက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် မြို့ပေါ်သင်္ကြန်မဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များသို့ သွားရောက်လည်ပတ် သင်္ကြန်ရေပက်ခံထွက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာအတာသင်္ကြန်(အတက်နေ့)တွင် မန္တလေးမြို့လုံးအနှံ့ သင်္ကြန်ရေ သဘင်ပွဲတော် တစ်ခဲနက်နွှဲပျော်ခဲ့ကြပြီး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နေ့ရက်များကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ခဲ့ကြ

**မန္တလေး ဧပြီ ၁၆**

ယနေ့သည် မြန်မာ့ရိုးရာအတာသင်္ကြန်(အတက်နေ့) ဖြစ်သည်နှင့်အညီ မန္တလေးမြို့ ကျုံးပတ်လည်တစ်လျှောက်ရှိ သင်္ကြန်မဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဇရိယာတစ်လျှောက်နှင့် အထင်ကရနေရာများတွင် ရေသဘင်ပွဲဆင်နွှဲကြသူများ၊ အပန်းဖြေကြသူများဖြင့် တစ်ခဲနက် စည်ကားလျက်ရှိသည်။

စိတ်ပျော်ရွှင် ချမ်းမြေ့စရာကောင်းလှသည့် မဟာသင်္ကြန်၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် သင်္ကြန်ချစ်သူ ပြည်သူများကလည်း နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် ကျုံးပတ်လည်ရှိ သင်္ကြန်မဏ္ဍပ်များ၌ မြိုင်မြိုင်ဆိုင်ဆိုင် လာရောက်ရေကစားကြပြီး တေးသံရှင်များနှင့် အနုပညာရှင်များက အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ဝန်ကြီးဌာနများနှင့် ဝါသနာရှင် ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် တပျော်တပါး ကပြဖျော်ဖြေကြသည်။

ထို့ပြင် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက်အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ လမ်းလျှောက်သင်္ကြန်တို့၌လည်း ခေတ်(၄)ခေတ်၏ ဝတ်စားဆင်ယင်ဖန်တီးမှုများ၊ ဖျော်ဖြေရေးဇုန်များ၊ နိုင်ငံကျော် အဆိုတော်များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ယိမ်းအကအဖွဲ့များ၏ အကအလှဖျော်ဖြေမှုများ၊ DJ အစီအစဉ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေအနားယူနိုင်မည့် အစီအစဉ်ကောင်းများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



ထို့ပြင် မန္တလေးကျုံးမြောက်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင်လည်း သင်္ကြန်ချစ်သူမိသားစုများ၊ သူငယ်ချင်း၊ မိတ်ဆွေများစုပေါင်း၍ ရေစုပ်စက်များဖြင့် သင်္ကြန် ရေပက်ခံကားများ၊ ဆိုင်ကယ်များကို တပျော်တပါး ပက်ဖျန်း၍ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည့် မြင်ကွင်းများအပြင် ကျုံးပတ်လည်ရှိ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များသို့ မော်တော်ယာဉ်များဖြင့် ရေပက်ခံ သွားလာနိုင်စေရေး ဆောင်ရွက်ပေးထားသည့်အတွက် ပျော်ရွှင်စွာ ရေပက်ခံကားများဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲနေကြသည့် လူငယ်များဖြင့်လည်း စည်ကားလျက်ရှိပြီး အဆိုပါနေရာများတွင် အများပြည်သူ လွတ်လပ်စွာ လမ်းလျှောက်သွားလာနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးကြသည်ကိုလည်း တွေ့မြင်ရသည်။



မန္တလေးဈေးချိုတော် နာရီစင်အနီးတွင်လည်း မန္တလေးမြို့ ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့်တွဲဖက်၍ ဈေးချိုသူ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ထားပြီး သင်္ကြန်၏ အနှစ်သာရကို ပေါ်လွင်စေမည့် ခေတ်ဟောင်း၊ ခေတ်ပေါ်သင်္ကြန်တေးသီချင်းများအပြင် ယဉ်ကျေးပျူငှာလှသည့် မန္တလေးသူ မန္တလေးသားများ၏ စိတ်နေစိတ်ထားနှင့် တွဲဖက်၍ အစဉ်အလာကြီးမားလှသည့် မန္တလေးသင်္ကြန်ကို ဖော်ကျူးထားသည့် သင်္ကြန်တေးသီချင်းများဖြင့်လည်း ငြိမ့်ညောင်းသာယာစွာ သီဆိုဖျော်ဖြေကြရာ မြို့ခံပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ မြို့နယ်၊ ရပ်ကွက်များအတွင်း၌လည်း ရေပက်ခံမဏ္ဍပ်ငယ်များ တည်ဆောက်၍ လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် တစ်ပိုင်တစ်နိုင်စုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းကြသည့် မြင်ကွင်းသည်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

မန္တလေးမြို့၏ ကမ်းနားလမ်းတစ်လျှောက်ရှိ ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၌လည်း သင်္ကြန်ချစ်သူပြည်သူများ စိတ်အားတက်ကြွစွာ ကခုန်ပျော်ရွှင်နိုင်စေမည့် တေးသီချင်းများ၊ DJ တီးလုံးများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေလျက်ရှိသည်ကို ပျော်ရွှင်ဖွယ်ရာ တွေ့မြင်ခဲ့ရပြီး ယခုနှစ် မန္တလေးမြို့ အတာသင်္ကြန်ပွဲတော်၌ မန္တလေးမြို့သူ မြို့သားများအပြင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

## ကျောက်ကုန်းမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန် ပိတ်ပွဲအခမ်းအနား ကျင်းပ

**ကျောက်ကုန်း ဧပြီ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး ကျောက်ကုန်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခန့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက နှစ်သစ်ဆုမွန်ကောင်းတောင်းပေးပါကြောင်း ပြောကြားသည်။



ထို့နောက် မြို့ပေါ်(၅)ရပ်ကွက်ဖြစ်သော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်မှ ယိမ်းအဖွဲ့များ၊ ပညာရေးဌာနမှ အိုးဘိုယိမ်းအဖွဲ့များ၊ သီဆိုကပြကြသူများ၊ အစီအစဉ် တင်ဆက်သူများနှင့် ဗီဒီယိုအခြေခံအဖွဲ့တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေစုစုပေါင်း ကျပ် ၂၈ သိန်းကို ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာနှင့် ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များ၊ ယိမ်းအဖွဲ့များနှင့် ကြီးကြပ်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲ ကျင်းပ

**သာစည် ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက သာစည်မြို့ စည်ပင်သာယာ ပန်းခြံရှေ့ မိတ္ထီလာ-တောင်ကြီး ကားလမ်းဘေးရှိ ရွှေသာစည်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က နှစ်သစ်အားကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ကပြဖျော်ဖြေ**

ဆက်လက်ပြီး ယိမ်းအဖွဲ့များက သင်္ကြန်မိုးသီချင်းဖြင့် ကပြဖျော်ဖြေသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်္ကြန်ကာလအတွင်း ဖျော်ဖြေခဲ့သော ယိမ်းအဖွဲ့များ၊ တီးဝိုင်းအဖွဲ့၊ စက်အဖွဲ့တို့နှင့် လုံခြုံရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ရေကစားသူများအားကြာဆံကြော်များဖြင့် စတုဒိသာကျွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ကျိုက်ထိုမြို့နယ်ရှိ တန်ခိုးကြီးဘုရားများတွင် မဟာသင်္ကြန်အတက်နေ့၌ ဘုရားဖူးများဖြင့်စည်ကား

**ကျိုက်ထို ဧပြီ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့တွင် မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ကျိုက်ထိုမြို့နယ်သည် တန်ခိုးကြီးဘုရား ပေါများသည့်မြို့နယ်ဖြစ်၍ ရပ်ဝေး၊ ရပ်နီးမှ အလည်အပတ်လာသူများမှာ အထင်ကရဘုရားများဖြစ်သည့် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်၊ ကျိုက်ပေါလောမုဲ့ရှင်တော်ဘုရား၊ ထိုင်တော်မူ ဂေါတမမြတ်စွာဘုရား၊ မဟာမုနိသွန်းဘုရားတို့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါဘုရားများသို့ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြခြင်း၊ ဘုရားကျောင်းကန်များသို့သွားရောက်၍ ဥပုသ်သီလစောင့်တည်ကြခြင်းများ အပြင် ရေပက်ခံထွက်သူများ၊ ရေကစားသူများ စတုဒိသာများ လှူဒါန်းကျွေးမွေးသူများဖြင့် ပြည်သူများ ပျော်ရွှင်စွာ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲကို ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**သာယာဝတီ ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် သင်္ကြန်ယိမ်းအကများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီက ရန်ကုန်-ပြည်ကားလမ်း လွတ်လပ်ရေးကျောက်တိုင်ကွင်း ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်ဝင်းက မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး သင်္ကြန်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသော ယိမ်းအဖွဲ့များအား တာဝန်ရှိသူများနှင့်အတူ ဆုများချီးမြှင့်ပေးခဲ့ကြရာ အဆိုပါယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေပေးခဲ့ကြသည်။

သာယာဝတီမြို့နယ်တွင် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအတူ ပူးပေါင်းပြီး သင်္ကြန်အတက်နေ့ထိ အေးချမ်းပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်တွင် မဟာသင်္ကြန်အတက်နေ့ ပြည်သူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိ

**လှည်းကူး ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် သင်္ကြန်အတက်နေ့တွင် မြို့မရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပဲခူး-ရန်ကုန်လမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးရာ ရပ်ကွက်/ကျေးရွာများမှ ယိမ်းအဖွဲ့လေးဖွဲ့က အလှည့်ကျကပြဖျော်ဖြေခြင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး မဏ္ဍပ်သို့ လာရောက်ရေကစားသူ ပြည်သူများအား စတုဒိသာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## လှည်းကူးမြို့နယ်၌ ရှေးခေတ်လက်ရာဟု ယူဆရသော သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်ဆစ်ဗုဒ္ဓခြေတော်ရာကို လေ့လာနေ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ ရှေးခေတ်လက်ရာဟု ယူဆရသည့် သဲကျောက်ဖြင့်ပြုလုပ်ထားသော ကျောက်ဆစ်ဗုဒ္ဓခြေတော်ရာကို လေ့လာနေကြောင်း လှည်းကူးမြို့နယ် သမိုင်းပြုစုရေးအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

လှည်းကူးမြို့နယ် သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ မင်္ဂင်ကျောင်းဆရာတော်၏ ဩဝါဒအရ လှည်းကူးမြို့နယ် သမိုင်းအဖွဲ့က ကမ်းနီကျေးရွာ ၁၁ မိုင်အနီး ဘုရားကုန်းဟောင်းရှိ ခြေတော်ရာအား သွားရောက်ဖူးမြော်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခြေတော်ရာသည် အလျား လေးပေခွဲ၊ အနံ နှစ်ပေခွဲခန့်ရှိပြီး သဲကျောက်ဖြင့်ပြုလုပ်ထားကာ ရှေးလက်ရာဖြစ်သည်ဟု ကနဦးယူဆထားကြောင်း သိရသည်။

"အရင်ကတည်းရှိပေမယ့် အခုမှလမ်း ပိုပွင့်သွားတာပါ။ သွားလေ့လာကြည့်တဲ့အခါ လက္ခဏာအရ ရှေးဟောင်းလက်ရာဖြစ်နေတယ်။ ရှေးဟောင်းလက်ရာဖြစ်နေတော့ တန်ဖိုးရှိပြီး အရေးကြီးတဲ့ပစ္စည်းဖြစ်နေတဲ့အခါကျတော့ ဝိုင်းဝန်းထိန်းသိမ်းရမှာပါ။ ရှေး/သုဆရာကြီးတစ်ယောက်ကလည်း အနည်းဆုံးကတော့ နှစ် ၄၀၀၊ ၅၀၀ အထက်လောက်ရှိနိုင်မယ်လို့ ယေဘုယျခန့်မှန်းထားတယ်။ ဒါကရှေးခေတ်က လက်ရာတစ်ခုဆိုတော့ မြင်ရခဲတယ်၊ တွေ့ရခဲတယ်၊ တန်ဖိုးလည်းထားရမှာပါ။ ကျွန်တော်တို့က ပျူခေတ်သုတေသနတွေလည်းလုပ်နေတဲ့အခါကျတော့ လက္ခဏာတွေအနေနဲ့ ဘေးပတ်ချာလည် ကနုတ် pattern တွေက တော်တော်ရှေးကျတယ်"ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

အဆိုပါခြေတော်ရာရှိရာနေရာသည် လမ်းခရီးအနေဖြင့်လည်း သွားလာရလွယ်ကူကာ တန်ဖိုးရှိ ရှေးဟောင်းလက်ရာတစ်ခုဖြစ်၍ သွားရောက်လေ့လာသင့်ကြောင်းလည်း ၎င်းက သတင်းကောင်းပါး ပြောကြားသည်။

ခြေတော်ရာအား ရွှေဆေးသုတ် ရွှေချပါက ရှေးဟောင်းတန်ဖိုး ပျောက်သွားနိုင်၍ ရှေးဟောင်းမူလလက်ရာအတိုင်း ဝိုင်းဝန်းထိန်းသိမ်းစေလိုကြောင်း ၎င်းက အကြံပြုပြောဆိုထားသည်။ **MT**

## မင်္ဂလာတောင်ညွန့်မြို့နယ် မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ



**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတက်နေ့ကို ယနေ့နံနက် ၉ နာရီခွဲက အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ ရေကစားမဏ္ဍပ်တွင် ဆက်လက်ကျင်းပခဲ့ရာ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်တွင် ယိမ်းအဖွဲ့များက အက၊ အလှများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ရေကစားသူ ပြည်သူများအား စတုဒိသာ နံနက်ပိုင်း မုန့်လုံးရေပေါ်နှင့် ညနေပိုင်း ရွှေရင်အေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရေတာရှည်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရေတာရှည် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားနှင့် သီချင်းဆိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက မြဝတီလမ်း၌ ကျင်းပသည်။

**သီဆိုဖျော်ဖြေ**

ဦးစွာ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားတွင် ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး သီချင်းဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများက တေးသီချင်းများဖြင့်လည်းကောင်း၊ ဒေသအသီးသီးမှ ဧည့်သည်အဆိုရှင်များကလည်းကောင်း သီဆိုဖျော်ဖြေခဲ့ကြသည်။

**ဆုများပေးအပ်**

ဆက်လက်၍ သီချင်းဆိုပြိုင်ပွဲတွင် ဆုရှိသူများအား ဆုများပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များက ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ် သုံးသိန်း၊ တတိယဆု ကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆု နှစ်ဆုအား ကျပ်တစ်သိန်းဖြင့် ဆုများ ပေးအပ်ရာ ဆုရရှိသူများက လက်ခံရယူခဲ့ကြပြီး သင်္ကြန်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ်သင်္ကြန်ကာလ၌ အပူလျှပ်ဝေဒနာရှင်များပြား

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် သင်္ကြန်ကာလ၌ နေပူပြင်းသည့်အတွက် အပူလျှပ်ဝေဒနာရှင်များပြားပြီး အဆိုပါ လူနာများကို ကူညီပေးရမှုများ ရှိကြောင်း သင်္ကြန်ကာလအတွင်း လူမှုကူညီရေးလုပ်ငန်းများကို လိုက်လံဆောင်ရွက်ပေးနေသော ပရဟိတအဖွဲ့များထံမှ သိရသည်။

**ပိုမိုများပြား**

ယခုနှစ်သည် အယ်လ်နီညိုကာလဖြစ်သည့်အတွက် အပူရှိန်မြင့်တက်နေကာ သင်္ကြန်ကာလထိခိုက်လူနာ အရေအတွက်ထက် အပူလျှပ်လက္ခဏာ ခံစားရသူများကို ကူညီကယ်ဆယ်ပေးရမှု အရေအတွက် ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခု ကူညီကယ်ဆယ်ပေးရတာမှာ အပူလျှပ်တာက များတယ်။ ဘယ်လိုလဲဆိုတော့ ကလေးတွေဆိုလည်း ဝမ်းသွားတာ တွေ့ရတယ်။ နောက်ပြီးတော့ အရက်သောက်ရင်လည်း ပိုပြီးမူးတာမျိုးပေါ့။ သတိလစ်တဲ့အထိ မူးသွားတာမျိုး။ အန္တရာယ်ရှိတဲ့အခြေအနေပေါ့။ နည်းနည်းလေးသောက်ပေမယ့် ပုံမှန်ထက် ပိုမူးတယ်။ သတိပါလစ်လို့ ကူညီပေးရတာမျိုးပါ" ဟု ရွှေမေတ္တာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေလဲ့က ပြောသည်။

လက်ရှိ အနေအထားတွင် အပူရှိန်ပြင်းသည့် အတွက် ရေကစားသူများ ဘက်ကလည်း အပူရှိန်ပြင်းသည့် အချိန်ကို ရှောင်ရှားကာ ရေကစားကြခြင်းလည်းရှိနေပြီး ပရဟိတအသင်းများကလည်း အချိန်မရွေးအကူအညီပေးရန် ပြင်ဆင်ထားရကြောင်း သိရသည်။

"အခုက မနက်ပိုင်းနဲ့ ညနေပိုင်းမှာ ရေကစားတဲ့သူ များတယ်။ ကျွန်တော်တို့ ပရဟိတအသင်းတွေကလည်း အကူအညီပေးဖို့အတွက် အဆင်သင့်ရှိနေတယ်။ ဒီကြားထဲမှာတော့ အပူလျှပ်တဲ့ လက္ခဏာနဲ့ မူးလဲတာမျိုးတွေ တွေ့ရတယ်။ တချို့က သောက်ကိုမသောက်ဘဲ မူးတာမျိုးလည်း တွေ့ရတယ်။ အပူရှိန်ပြင်းတော့ ရေထိလိုက် ခြောက်လိုက်နဲ့ ဖြစ်သွားတာမျိုးပါ" ဟု ရန်ကုန်မြို့ရှိ ပရဟိတအသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Htet Oo Maung

## "နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၄ ) K-Pop Live Show မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၁၃၈၆ ခုနှစ် "နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၄) K-Pop Live Show ကို မေ ၁၇ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ကိုရီးယားနိုင်ငံမှ K – Pop Group "Highless" မှ အဖွဲ့ဝင်များဖြစ်ကြသည့် လီဆူမင်နှင့် မြောင်ဂျင်အာ၊ K-Pop အဆိုတော် ဂျောင်ဒယ်လ်ရီ၊ Gold(ကင်မ်ဂျီယောင်း)၊ ကင်မင်ဂျီ၊ ကင်မ်ယီချန်းနှင့် K -Pop (Dios)အမျိုးသား လေးဦးအကအဖွဲ့တို့က သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

**ထပ်မံပြသမည်**

ယင်းအစီအစဉ်ကို မေ ၂၀ ရက် စနေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ ကျောဖုံးမှ

ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

MT

## ဟာသသရုပ်ဆောင် လူရွှင်တော်ဝက်မ ကျောက်ကပ်ရောဂါဖြင့် ထိုင်းနိုင်ငံတွင် ဆေးကုသနေစဉ် ကွယ်လွန်

ရန်ကုန် မေ ၁၆

ဟာသသရုပ်ဆောင် နာမည်ကျော် လူရွှင်တော်တစ်ဦးဖြစ်သော (ဦး) ဝက်မသည် ကျောက်ကပ်ရောဂါဖြင့် ထိုင်းနိုင်ငံတွင် ဆေးကုသနေစဉ် ကွယ်လွန်သွားခဲ့ကြောင်း (ဦး) ဝက်မနှင့် တွဲဖက်လူရွှင်တော်တစ်ဦးဖြစ်ခဲ့သူ လူရွှင်တော် (ဦး) ငွေတိုးထံမှ သိရသည်။

ဟာသသရုပ်ဆောင် လူရွှင်တော်(ဦး) ဝက်မသည် ကွယ်လွန်ချိန်တွင် အသက် ၅၉ နှစ်အရွယ် ရှိပြီဖြစ်ကာ မေ ၁၆ ရက် နံနက်ပိုင်း ၆ နာရီခွဲတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"အစ်ကိုက ကျောက်ကပ်လုံးဝ ပျက်စီးသွားတာပါ။ ထိုင်းမှာ ဆေးသွားကုတာ။ သူ့သားသမီး နှစ်ယောက်က အဲဒီမှာအလုပ်လုပ်တော့ သမီးလုပ်သူက ထိုင်းကို အမေလည်းလာမှာဆိုတော့ အဖေလည်း အမေနဲ့အတူတူလိုက်လာခဲ့၊ ဆေးကုပေးချင်တယ်ဆိုပြီး ခေါ်တာ။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်က သွားတာ။ အဲဒီမှာ ဆေးကုနေတာ။ ပိုက်ဆံကလည်း ကုန်တယ်။ ဇီဇာထပ်တိုးပြီးနေရင်း ဆေးကုရင်းကနေ ဆုံးတာပါ။ ထိုင်းက သူ့သားသမီးအိမ်မှာ ဆုံးတာပါ" ဟု လူရွှင်တော် (ဦး) ငွေတိုးက ပြောသည်။

ကွယ်လွန်သူ (ဦး) ဝက်မနှင့်ပတ်သက်၍ ပရိသတ်များနှင့် အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များကလည်း ဝမ်းနည်းကြောင်း စာများကို လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားမှုများ ရှိနေသည်။ "အလွန်ဝမ်းနည်းမိပါတယ်။ ကျွန်တော်တို့ကျတော့ ညီအစ်ကိုထက်မက သံယောဇဉ်ရှိတာပါ။ အတော့်ကိုဝမ်းနည်းရတယ်။ တောက်လျှောက်လည်း ငိုနေရပါတယ်။ ဒီလိုရောဂါဆိုးကြီးနဲ့ နောက်ဘဝမှာလည်း မကြုံပါစေနဲ့လို့ ဆုတောင်းပါတယ်" ဟု လူရွှင်တော် (ဦး) ငွေတိုးက ပြောသည်။

Htet Oo Maung



ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## မြိတ်မြို့၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အမှုတရားခံအား စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

မြိတ် မေ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အမှုမှ တရားခံအား စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့ကြသည့် မြိတ်ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့မရဲတပ်ဖွဲ့စခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များအား မေ ၁၂ ရက် နံနက် ၁၀ နာရီက ပုလဲရတနာခန်းမတွင် ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့် ဂုဏ်ပြုခဲ့သည်။

ဂုဏ်ပြုချီးမြှင့်ခြင်းသည် မြိတ်မြို့မရဲစခန်း၏ (ပ)၂၉/၂၀၂၄၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အမှုမှ တရားခံအား



သက်သေခံပစ္စည်း အမေရိကန်နိုင်ငံလုပ် လက်ပစ်ဗုံးတစ်လုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ စသည့်သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် မြိတ်ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့မရဲတပ်ဖွဲ့စခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သောကြောင့် ဂုဏ်ပြုခြင်းဖြစ်သည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးစီးချုပ် ဗိုလ်မှူးချုပ် မြင့်ဇော်မိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၄ အမှုမှ တရားခံအား စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀ နှင့် ဂုဏ်ပြုမှတ်တမ်းများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးစီးချုပ်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြိတ်လေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး၊ မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးတို့က တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့တို့က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းများကို တရားခံအား စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ |
|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၀ | ၂၈၇၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၇၀ | ၂၈၉၀ | ၂၈၇၅ | ၂၈၅၅ | ၂၉၅၀ | ၂၉၇၀ |
| 95 Ron | ၂၉၃၀ | ၂၉၈၀ | ၂၉၈၀ | ၂၉၄၀ | ၂၉၈၀ | ၃၀၀၀ | ၂၉၈၅ | ၂၉၆၅ | ၃၀၆၅ | ၃၀၈၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၀ |
| HSD (50 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ |

| Fuel (လက်လီဈေးနှုန်း) | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၆၀ | ၂၈၇၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၁၀ | ၃၁၄၀ | ၃၄၅၀ |
| 95 Ron | ၂၉၇၀ | ၂၉၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၂၀ | ၃၂၅၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၂ | ၂၇၈၀ |
| 95 Ron | ၂၈၀၀ | ၂၈၉၀ |
| HSD (500 ppm) | ၂၃၆၇ | ၂၄၄၄ |
| HSD (50 ppm) | ၂၄၁၁ | ၂၄၈၉ |
| HSD (10 ppm) | ၂၄၁၁ | ၂၄၈၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပုလောမြို့နယ် ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများ၏ Drop Bomb ပစ်ချတိုက်ခိုက်မှုကြောင့် ကလေးကုသဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲပြီး ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၆

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ ပြည်သူ့ဆေးရုံအား ယနေ့ညနေပိုင်းတွင် အကြမ်းဖက်သမားများက Drop Bomb များဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၄ နာရီခန့်တွင် ပုလောမြို့နယ် ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများက ဆေးရုံ၏အရှေ့မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာမှနေ၍ Drone ဖြင့် Drop Bomb တစ်လုံး လာရောက်ပစ်ချ တိုက်ခိုက်ခဲ့သဖြင့် ဆေးရုံ၏ ကလေးကုသဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသနေသည့် ကလေးငယ်တစ်ဦးနှင့် လူနာစောင့် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ပြည်သူ့ဆေးရုံပေါ်သို့ Drop Bomb ပစ်ချတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb ကြဲချတိုက်ခိုက်သည့်နေရာပြပုံ။





ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb ကြဲချတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးရုံအဆောက်အအုံပျက်စီးမှု မှတ်တမ်းဓာတ်ပုံများ။





# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၆

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၁ လုံးအတွင်းမှ ပိုင်ရှင်က လာရောက်ထုတ်ယူခြင်းမရှိသည့် Toilet Seat Cover အခု ၃၄၀၀၊ စတီးပစ္စည်းမျိုးစုံကီလိုဂရမ် ၄၀၀၊ မီးဖိုချောင်သုံးပစ္စည်း Kitchen Ware Sanitary Ware Iron Sheet For Plate အခု ၁၃၅၀၊ မိန်းကလေးစီးရှူးဖိနပ်အရန် ၄၂၅၀၊ Flexible Drain Hose ဘေစင်သုံးရေပိုက် အခု ၁၆၉၀၊ Toyota Land Cruiser ကားအင်ဂျင် တစ်လုံး၊ Textile Machinery Parts ကီလိုဂရမ် ၅၁၃၀၊ Polyester Sponge Sheet Roll ကီလိုဂရမ် ၇၄၀၀၊ Steel Wash Basin အခု ၁၅၄၀၀၊ Furnitures Steel စတီးဗီရို ၆၃၄ လုံး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း Light Steel Keel ကီလိုဂရမ် ၂၈၀၀၀၊ JUG Evaporative Air Cooler ၈၇ လုံး၊ စားသောက်ကုန်ကြမ်းပစ္စည်း Food Additive-Mix Phosphate ကီလိုဂရမ် ၆၀၀၊ Nylon Plastic Chips ကီလိုဂရမ် ၁၆၀၀၀၊ Garuda ဂီယာဝိုင် ၁၅၆၉၂ ဒသမ ၁၆ ကီလိုဂရမ်၊ Bulldozer အင်ဂျင်ဝိုင် ၂၇၈၄၉ ဒသမ ၆၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းအမျိုး ၃၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၁၀၄၆၃၇၃၅၅၈ ဒသမ ၂၃ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## သိမ်းဆည်းရမိ

ထို့ပြင် မေ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၅၉၄ တန်နှင့် အခြားသစ် ၁ ဒသမ ၅၇၉ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၂၃၆၁၉၃၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၀၄၈၇၃၅၄၉၂ ဒသမ ၂၃ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၅-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အပိန့်ကြေညာစာ ထုတ်လွှင့်မှုအစီအစဉ်
- ၀၉:၁၀ 'နှစ်သစ်မင်္ဂလာ' တရားတော်
- ၀၉:၃၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၁၁:၃၅ ရွှေယမ်စုံလင်အာဆီယံအစီအစဉ်
- ၁၃:၀၀ 'အခွင့်ကောင်းကိုလက်မလွှတ်နဲ့' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၃:၅၅ သီချင်းကြီးပဒေသာ
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၁)
- ၁၅:၀၀ ရုပ်ရှင်၊ ဂီတ ဆုတောင်းစကားသံများ
- ၁၆:၄၅ ဝုဏ်အင်ထူးတဲ့လတန်ခူး
- ၁၇:၁၀ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ဘေးဒုက္ခအန္တရာယ်များမှ ကင်းဝေးစေရန်အတွက် အန္တရာယ်ကင်းပရိတ်တရားတော်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ နှစ်သစ်မင်္ဂလာမဟာသင်္ကြန် တေးဂီတပျော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၄)

### mitv

- 07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:12 Myanmar Puppeteers (Zawgyi Dance)
- 07:20 Faith & Worship (Part-1)
- 07:39 Discovering Tribes- Gaybar Kayin
- 08:01 News
- 08:26 The Majestic Maravijaya Buddha Image (3)
- 08:54 Mingala Prayer (Version-1)
- 09:01 Moe Ma Kha Elephant Camp (Ngwe Saung)
- 09:23 Wushu Kids & Their Limit (Ep-3)
- 09:37 Popsicle Sticks Art Creator
- 09:49 A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)
- 10:01 News
- 10:26 Topical Topics (No. 7) Renewable Energy & Natural Energy

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ဈေးနေ့ဓလေ့

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ချင်းနှင့်ကျန်းမာရေး

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ပအိုဝ်း (၁၄:၀၀ မှ ၁၅:၀၀)**
စွန့်ပစ်ဝှက်ပျောမှလူသုံးကုန်လက်မှုပညာဆီသို့

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၁၀)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်ဒီဖိုင်နာဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ချင်းရိုးရာဝတ်အူအစာသွပ်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ (အပိုင်း-၁)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
၁၃၈၆ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူးအထူးဓမ္မသဘင်ကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (သိတဂူဆရာတော် အရှင်ဉာဏိဿရ)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၀၀ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၉:၀၀ မြန်မာ့နှစ်သစ်ကူး အထူးဓမ္မသဘင်တရားတော် တိုက်ရိုက် (Live) ထုတ်လွှင့်မှုအစီအစဉ်

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ နေချင်းပူးကုသိုလ်ထူးမည့် တောင်ငါးတောင် အဝိဋ္ဌာန်ခရီးစဉ်
- ၀၆:၃၅ ထုဆစ်ပုံဖော်မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၁၅ 'နှစ်သစ်မင်္ဂလာ' တရားတော်
- ၁၈:၀၀ ဆုံးခက်တွေပျံ့နေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ A Littel Thing Called Love 2010

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၁၀ ဇာတ်လမ်းတို 'အိမ်နီးချင်း'

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၈း၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ဒိန်းမတ်နိုင်ငံ၏ အထင်ရှားဆုံး စတော့အိတ်ချိန်းအဆောက်အအုံဟောင်း၌ မီးလောင်မှုဖြစ်ပွား

**ကိုပင်ဟေဂင် ဧပြီ ၁၆**

ဒိန်းမတ်နိုင်ငံမြို့တော် ကိုပင်ဟေဂင်၏ အထင်ရှားဆုံး အဆောက်အအုံများထဲမှ တစ်ခုဖြစ်သည့် စတော့အိတ်ချိန်းအဆောက်အအုံဟောင်းတွင် ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဒီဒဗလျူသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ၅၄ မီတာအမြင့်ရှိသည့် စတော့အိတ်ချိန်းအဆောက်အအုံဟောင်း၏ ခေါင်မိုးထိပ်ချွန် မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

ယင်းအဆောက်အအုံသည် ၁၆၂၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး အဆောက်အအုံ၏ ထိပ်ချွန်သည် နဂါးလေးကောင်၏ အမြီးများ ရောယှက်နေသော အမြီးပုံသဏ္ဌာန်ရှိကာ ကိုပင်ဟေဂင်တွင် ရှေးအကျဆုံး အဆောက်အအုံတစ်ခု ဖြစ်သည်။

လက်ရှိအချိန်တွင် ယင်းအဆောက်အအုံကို စတော့အိတ်ချိန်းအဖြစ်သုံးစွဲခြင်းမပြုဘဲ ဒိန်းမတ်ကုန်သည်ကြီးများအသင်းရုံးချုပ်အဖြစ်တည်ရှိနေသည်။

မြို့တော်ရဲတပ်ဖွဲ့၏ အဆိုအရ ယင်း အဆောက်အအုံအနီးရှိ လမ်းများနှင့် ဒေသအများအပြားကို ပိတ်ဆို့ထားကြောင်း သိရသည်။ မီးလောင်နေသည့် အဆောက်အအုံထဲမှ ပန်းချီကားကြီးများကို သယ်ထုတ်နေသည့် ဗီဒီယိုဖိုင်ကို တွေ့မြင်ရပြီး ထူထဲသော မီးခိုးများနှင့် မီးတောက်များသည် ယင်းအဆောက်အအုံမှ ထွက်လာသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အဆောက်အအုံကို ပြန်လည်ပြုပြင်မွမ်းမံနေချိန်ဖြစ်ပြီး ငြမ်းများဆင်ထားသည်။ **ကိုးကား -ဒီဒဗလျူ၊ ဘာသာပြန် -စိုးသူရ**




# အီရန်အပေါ် စစ်ရေးအရ လက်တုံ့ပြန်မှုကို အစ္စရေးနိုင်ငံသား ထက်ဝက်ကျော်က မထောက်ခံဟု စစ်တမ်းတစ်ရပ်ကဆို

**ဂျေရုဆလင် ဧပြီ ၁၆**

အီရန်အပေါ် စစ်ရေးအရ လက်တုံ့ပြန်မှုကို အစ္စရေးနိုင်ငံသား ၅၂ ရာခိုင်နှုန်းက မထောက်ခံကြောင်းနှင့် တင်းမာမှုများ လျော့ပါးစေရန် လိုလားကြောင်း ဟီဘရူးတက္ကသိုလ်မှ မကြာသေးမီက ကောက်ယူခဲ့သည့် စစ်တမ်းအသစ်တစ်ခုအရ သိရသည်။ ၎င်းစစ်တမ်းတွင် ကျန် ၄၈ ရာခိုင်နှုန်းက အစ္စရေးသည် လက်ရှိ ပဋိပက္ခကို တုံ့ပြန်သင့်သည်ဟု စောဒကတက်ခဲ့သည်။

ဆီးရီးယားရှိ အီရန်ကောင်စစ်ဝန်ရုံးအား အစ္စရေးက ဧပြီ ၁ ရက်၌ တိုက်ခိုက်ခဲ့မှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်နှင့်မဟာမိတ်များက မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်များကို အစ္စရေးနိုင်ငံသို့ ဧပြီ ၁၃ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၎င်းစစ်တမ်းကောက်ယူမှုတွင် ပါဝင်သူ ၂၈ ရာခိုင်နှုန်းက စစ်ရေးအရ အရေးယူမှုကို ထောက်ခံကြပြီး ၃၄ ရာခိုင်နှုန်းက ဆန့်ကျင်ကြကြောင်း သိရသည်။

အစ္စရေးနိုင်ငံသား ၄၄ ရာခိုင်နှုန်းက ရာဖယ်၌ စစ်ရေးအရ ဆောင်ရွက်မှုအား ထောက်ခံကြကာ အစ္စရေးနိုင်ငံသား ၄၃ ရာခိုင်နှုန်းက ဂါဇာကမ်းမြောင်ပြဿနာကို ပြေလည်အောင်ဖြေရှင်းရာတွင် အစ္စရေးက ၎င်း၏မဟာမိတ်များကို အားကိုးသင့်သည်ဟု ပြောကြားသည်။

**ကိုးကား -ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# နိုင်ငံတကာရေကြောင်းဥပဒေ ချိုးဖောက်မှုကြောင့် အစ္စရေးသင်္ဘောအား ထိန်းသိမ်းခြင်းဖြစ်သည်ဟု အီရန်ပြောကြား

**တီဟီရန် ဧပြီ ၁၆**

အစ္စရေးနှင့် ဆက်နွှယ်နေသည့် ကုန်တင်သင်္ဘောတစ်စင်းအား အီရန်ရေတပ်မှ ထိန်းသိမ်းခဲ့ခြင်းမှာ နိုင်ငံတကာရေကြောင်းဥပဒေအား ချိုးဖောက်ခြင်းကြောင့်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ နေဆာကနာနီက ယနေ့ ပြောကြားသည်။

ပေါ်တူဂီအလံလွှင့်တင်ထားသည့် ကွန်တိန်နာသင်္ဘော MSC Aries ကို ဧပြီ ၁၃ရက်က ဟော်မုဇ်ရေလက်ကြားတွင် အီရန်ရေတပ်က ထိန်းသိမ်းခဲ့သည်ဟု ယင်းက အပတ်စဉ်သတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းသင်္ဘောသည် အစ္စရေး ဘီလီယံနာ Eyal Ofer ပိုင်ဆိုင်သည့် လန်ဒန်အခြေစိုက် Zodiac Maritime ကုမ္ပဏီမှ ပိုင်ဆိုင်သည့် သင်္ဘောဖြစ်ကြောင်း အီရန်သတင်းဌာနအိုင်နာက ပြောကြားသည်။ ယင်းသင်္ဘောသည် အီရန်ရေပိုင် နက်ဆီသို့ ဦးတည်ခုတ်မောင်းနေစဉ်တွင် အီရန် အာဏာပိုင်များထံမှ စစ်ဆေးမှုများကို တုံ့ပြန်ရန် ပျက်ကွက်ခဲ့ကြောင်း ကနာနီက ထပ်လောင်းပြောကြားသည်။ ၎င်းသင်္ဘောအရေးအား တာဝန်ရှိသူများက စစ်ဆေးမေးမြန်းမှုများဆောင်ရွက်နေသည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အမေရိကန် သမ္မတဟောင်း ထရမ့် ပထမဆုံးရာဇဝတ်မှုအား အမှုရင်ဆိုင်

**နယူးယောက် ဧပြီ ၁၆**

အမေရိကန် သမ္မတဟောင်းထရမ့်သည် နယူးယောက်မြို့ရှိ တရားရုံးတစ်ရုံးတွင် သမ္မတရာထူးတာဝန်ထမ်းဆောင်စဉ်က အပြာမယ်တစ်ဦးအား၎င်းနှင့် ပတ်သက်မှုကို နှုတ်ဆိတ်နေစေရေးအတွက် လာဘ်ငွေပေးခဲ့မှုအား အမှုရင်ဆိုင်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။ ယခုအမှုသည် ထရမ့်၏ ပထမဆုံးစွဲချက်တင်ခံရသည့်ရာဇဝတ်မှုဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထရမ့်သည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ၎င်းနှင့် အပြာမယ်တို့၏ ပတ်သက်မှုများအား ဖွင့်ချခြင်းမပြုရေးအတွက် နှုတ်ပိတ်ခအဖြစ် ကန်ဒေါ်လာ တစ်သိန်းသုံးသောင်းကို ၎င်း၏ရှေ့နေဟောင်း မိုက်ကယ်ကိုဟန်မှတစ်ဆင့် ယင်းအပြာမယ်အား ပေးအပ်ခဲ့ပြီး ၎င်းငွေပေးအပ်မှုကို ထရမ့်က မှတ်တမ်းတင်ထားခဲ့သည်။ ထို့ပြင် သမ္မတဟောင်းထရမ့်အား အခြားစီးပွားရေးဆိုင်ရာမှတ်တမ်းများ ပြုပြင်လိမ်လည်မှုပေါင်း၃၄မှုဖြင့် စွဲချက်တင်ခဲ့သော်လည်း အပြစ်မရှိကြောင်း တွေ့ရှိခဲ့သည်။

ယင်းစွဲချက်များသည် မိမိအား နိုင်ငံရေးအရ အနိုင်ကျင့်ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံကို စော်ကားခြင်းသာဖြစ်သည်ဟု ထရမ့်က မှတ်ချက်ပြုပြောကြားသည်။ ယခုအမှုများသည် သီတင်း ခြောက်ပတ်မှ ရှစ်ပတ်အထိကြာမြင့်နိုင်ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# မလေးရှားနိုင်ငံက နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချမည့် စွမ်းအင်စကြိုတည်ဆောက်မည်

**ကွာလာလမ်ပူ ဧပြီ ၁၆**

မလေးရှားအစိုးရက အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော် အစိမ်းရောင်လျှပ်စစ်ဓာတ်အား ရောင်းချမှုဆောင်ရွက်ရေးအတွက် Energy Exchange Malaysia (ENEGEM) စွမ်းအင်စကြိုကို တည်ထောင်ရန် သဘောတူညီခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

စွမ်းအင်နှင့် ရေအသွင်ကူးပြောင်းရေး ဝန်ကြီးဌာနက အဆိုပါစီမံချက်သည် မလေးရှားနိုင်ငံ၏ စွမ်းအင်အသွင်ကူးပြောင်းရေး မျှော်မှန်းချက်နှင့် အာဆီယံဓာတ်အားလိုင်း ပေါင်းစည်းရေး အစီအစဉ်မှတစ်ဆင့် ဒေသတွင်း ဓာတ်အားပေါင်းစည်းမှုကို ပံ့ပိုးပေးရန် ကတိကဝတ်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ENEGEM ပလက်ဖောင်းမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် စွမ်းအင်ရောင်းချမှုအား စွမ်းအင်ကော်မရှင်မှ ထုတ်ပြန်သည့် နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားရောင်းချမှု လမ်းညွှန်ချက်ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ENEGEM ပလက်ဖောင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ရောင်းချခြင်းသည် မလေးရှားနိုင်ငံ၏ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား ပေါင်းစည်းမှုမူဘောင်ကို ခိုင်မာစေမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်စွမ်းအင် ကုန်သွယ်မှုဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပြုမည်ဟု ဝန်ကြီးဌာနက ယုံကြည်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**



# ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ နှစ်သစ်ကူးဆုမွန်ကောင်းတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် (၇၆၉/၇၇၁)တွင်တည်ရှိသည့် ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသည် အသက်(၇၀)နှစ် နှင့် အထက်ခိုကိုးရာမဲ့ နာမကျန်းဘိုးဘွားတို့အား ပြုစုစောင့်ရှောက်ပေးခဲ့သည်မှာ (၅-၄-၂၀၂၄)နေ့တွင်(၁၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ထို(၁၄)နှစ်တာကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းပေးကြသော ဘက်စုံအလှူရှင်များ၊ အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေ ပဒေသာပင်များ စိုက်ထူပေးသည့် အလှူရှင်များ၊ ဂိလာန ဘိုးဘွားများ၏ ကျန်းမာရေးကို ဘိုးဘွားရိပ်သာသို့လာရောက်ကုသပေးပါသော အထူးကု ဆရာဝန်ကြီးများ၊ ပုဂ္ဂလိကဆေးခန်းများမှ အထူးကုဆရာဝန်ကြီးများ၊ ဘိုးဘွားများ၏ နောက်ဆုံးခရီးတွင်ပို့ဆောင်ပေးသော နာရေးကူညီမှု အသင်းကြီး(ရန်ကုန်)နှင့် လုပ်အားဒါန ပေးလှူပေးကြသည့် လူငယ်ပရဟိတအသင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ယခုကဲ့သို့ လှူဒါန်းခဲ့သည့် ကုသိုလ်တို့ကြောင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ လိုရာဆန္ဒပြည့်စုံကြပါစေကြောင်း ဆည်းဆာရိပ် မိသားစုမှ နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ**
**ဘိုးဘွားများ၊ အလုပ်အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)၊ (၈)ရပ်ကွက်၊ (၆)ခန်းတွဲ (၅)ထပ်တိုက် အမျိုးအစား၊ တိုက်အမှတ်(၂၀)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ ဧရိယာအကျယ်အဝန်း (၄၆၈)စတုရန်းပေရှိ ရေ၊ မီး စုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင်ရွှေ(ဘ)ဦးမြကျော်[၉/ဝတန(နိုင်)၁၃၈၇၆၀] အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ၎င်းအမည်ပေါက်ဖြစ်သူထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ထက်ထက်ဦး[၇/ဒဥန(နိုင်)၁၃၄၀၅၄]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုဦး(ဘ)ဦးလှိုင်မင်းအောင်[၇/ဒဥန(နိုင်)၁၄၆၂၉၆]မှ အထက်ဖော်ပြပါ တိုက်ခန်းတန်ဖိုးအား ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါသောကြောင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းအထောက်အထားစုံလင်စွာ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းမြင့်(LL.B)** | **ဒေါ်နန်းသန္တာအောင် LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၃၀၄)** | **(စဉ်-၈၄၇၇)** |
| **Ph:09-788895043** | **Ph:09-964207473** |

**ဦးအောင်မျိုးခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၀၅)**
**Ph:09-969383766**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ(တန်ဖိုးနည်း)၊ မြေကွက်အမှတ် ၁၄၊ ဧရိယာ(၀.၀၄၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၄)၊ နှင်းဆီလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် (ဦးမောင်ကို)အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်ကို(ဖခင်)နှင့် မိခင်ဖြစ်သူ ဒေါ်ညွန့်မေတို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ဝင်းမြင့်သိန်း[၁၂/သကတ(နိုင်)၀၄၆၀၃၅]၊ ဦးကိုကိုလှိုင်[၁၂/သကတ(နိုင်)၀၉၄၆၁၂]၊ ဦးကိုကိုနိုင်[၁၂/သကတ(နိုင်)၀၉၄၆၂၁]တို့အနက် ဦးကိုကိုလှိုင်ထံမှ မိုင်းယောင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅/၂၀၂၂(၂၈-၁၀-၂၀၂၂)ရသူ ဦးဇော်ဇော်သက်[၁၂/ဒပန(ပြု)၀၀၀၆၀၇] နှင့် ကျန်သားသမီး (၂) ဦးဖြစ်သော ဒေါ်ဝင်းမြင့်သိန်း၊ ဦးကိုကိုနိုင်တို့မှ ကျမ်းကျိန်ဆိုသူ မိမိတို့သည် (ဖခင်)ဦးမောင်ကိုနှင့် (မိခင်)ဒေါ်ညွန့်မေတို့မှ မွေးဖွားသောသားသမီး(၃)ဦးဖြစ်ပါကြောင်း၊ အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ကွယ်လွန်သူဖခင် ဦးမောင်ကိုပိုင်ဆိုင်သော ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျန်ရစ်သူသားသမီးအရင်းများဖြစ်သော ကျမ်းကျိန်ဆိုသူ မိမိတို့(၃)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်ဝင်းမြင့်သိန်း၊ ဦးကိုကိုလှိုင်၊ ဦးကိုကိုနိုင်တို့ကိုယ်တိုင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်သူသက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာ၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးမောင်ကို(ဖခင်)၊ ဒေါ်ညွန့်မေ(မိခင်)တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ် (၉)၊ K ဆင်ရောင်၊ K ထွန်းဖြူ အမည်ပေါက်လျက်ရှိသော ဧရိယာ (၁.၇၉၁) ဧကကျယ်ဝန်းသည့် မြေပိုင်မြေအမျိုးအစားမြေကွက်ကြီးအတွင်းမှ ဦးဖိုးကြွယ်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စော်ဘွားလမ်း၊ အမှတ် (၂၂)၊ အကျယ်အဝန်း (အလျား ၄၁ ပေ x အနံ ၆၀ ပေ) ရှိသောမြေကွက်နှင့် အိမ်ကို ဦးဖိုးကြွယ်၏သားသမီးများဖြစ်ကြသော ဒေါ်တင်အုန်း [၁၂/မရက(နိုင်) ၀၆၀၃၆၆]၊ ဦးဝင်းအောင် [၁၂/မဂတ(နိုင်) ၀၃၂၈၀၆]၊ ဦးတင်စိုး (ကွယ်လွန်)၏ဇနီး ဒေါ်စန်းစန်းရီ [၁၂/မရက(နိုင်) ၀၆၀၃၆၉]၊ ဦးရွှေကြူး [၁၂/မရက(နိုင်) ၁၀၇၇၄၂] တို့မှ ၎င်းတို့မောင်နှမ (၄) ဦးသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ၎င်းတို့တွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းငယ်ဦး [၁၂/ကတတ(နိုင်)၀၀၀၃၀၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဟန်စုကျော် (LL.B, D.B.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၀၁)**
**အမှတ်-၅၆၃၊ ၁၀၃ (G)၊ MAC Tower I၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၉၅၈၀၀**

## အများသိစေရန်ကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄ နဝဒေး၊ မြေကွက်အမှတ်-၁၁၅၃၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ-၁၁၅၃၊ ဇွဲလမ်း၊ (၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးကြည်စိုး(ခ) တော်ကြူကျိုန်း[၁၂/ လသန(နိုင်) ၀၁၅၇၃၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြည်စိုး(ခ) တော်ကြူကျိုန်း [၁၂/လသန (နိုင်) ၀၁၅ ၇၃၂] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၄၇၀၄/၂၀၂၃ (၁၀-၃-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်လီလီဝင်း[၁၂/လသန (နိုင်) ၀၀၈၂၄၅]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ဦးကြည်စိုး(ခ) တော်ကြူကျိုန်းအမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်(မူရင်း)မှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ မြေငှားစာချုပ်ဂရန်(မူရင်း)အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဦးကြည်စိုး(ခ)တော်ကြူကျိုန်း ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်(မိတ္တူ) လျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်(မိတ္တူ) ခွင့်ပြုပြီး ဖြစ်သဖြင့် အမှုတွဲအမှတ်-လသယ(စီမံကိန်း)နဝဒေး- ၃၅၇/၂၀၀၂ဖြင့် ၅-၃-၂၀၀၃ရက်နေ့တွင် မူလက ထုတ်ပေးခဲ့သည့် ဦးကြည်စိုး(ခ)တော်ကြူကျိုန်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မူရင်း)အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ်(၁၅၀၂)နေ ဒေါ်မူနီးယား[၁၂/သဃက(နိုင်)၀၀၂၈၅၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ဒေါ်မူနီးယား၏ သားဖြစ်သူ မောင်အောင်ဇော်ထက် (မှတ်ပုံတင်လျှောက်ထားဆဲ)သည် မိဘ၏ပြောဆို ဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိသားစုအရှက်ရ၊ မျက်နှာငယ်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူလုပ်ကိုင် ဆောင်ရွက်ခြင်းတို့အပြင် ၎င်း၏သဘောဆန္ဒအတိုင်း (၇-၄-၂၀၂၄)ရက်နေ့တွင် နေအိမ်မှဆင်းသွားပါသဖြင့် (၁၂-၄-၂၀၂၄)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စမှအစပြု၍ အခြားမည်သည့်ကိစ္စရပ်များကိုမှ မိသားစုအသိုင်းအဝိုင်းနှင့် မပတ်သက်ကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟနိုင်စိုး(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၅၁၇၇၁)**
**အမှတ်(၄၈၈)၊ မြတ်မင်္ဂလာလမ်း၊ (၃၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၁၁၀၆၄၃၆**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာန/ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဆောင်ရွက်မည့် လမ်းလုပ်ငန်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာန/ကျေးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် (ပစ္စည်းတင်ဒါ+လုပ်ငန်းတင်ဒါ) - (၂၃-၄-၂၀၂၄) ရက်၊ (အင်္ဂါ) နေ့
- တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့် နေ့ရက်/အချိန် (ပစ္စည်းတင်ဒါ) - (၃-၅-၂၀၂၄) ရက်၊ (သောကြာ) နေ့
  (လုပ်ငန်းတင်ဒါ) - (၁၀-၅-၂၀၂၄) ရက်၊ (သောကြာ) နေ့
- ပစ္စည်းတင်ဒါလျှောက်လွှာ (P.O) တင်သွင်းရမည့် နေ့ရက်/အချိန် - (၃-၅-၂၀၂၄) ရက်၊ (သောကြာ) နေ့
- ပစ္စည်းတင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - (၆-၅-၂၀၂၄) ရက်၊ (တနင်္လာ) နေ့ (၉:၃၀ နာရီ )
- လုပ်ငန်းတင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်နေ့ရက်/အချိန် (P.O အပါအဝင်) - (၁၆-၅-၂၀၂၄)ရက်၊ (ကြာသပတေး) နေ့ (၁၆:၀၀ နာရီ)
- လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - (ထပ်မံ၍ အသိပေးကြေညာပါမည်။)
- တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူး (မြို့ပြ) ရုံးတွင် ကတ္တရာ /ဘိလပ်မြေ/ သံချောင်း/ ဒီဇယ် လျှောက်လွှာများကိုသာ ရောင်းချမည်ဖြစ်ပြီး ကျန်ပစ္စည်းများအား သက်ဆိုင်ရာခရိုင်/ အထူးအဖွဲ့ရုံးများတွင် လျှောက်လွှာများ ရောင်းချမည်ဖြစ်ပါသည်။(လုပ်ငန်းတင်ဒါလျှောက်လွှာများအားတိုင်း/ခရိုင်လမ်းဦးစီးဌာနရုံးများတွင် ရောင်းချပါမည်)
- ပစ္စည်း/လုပ်ငန်းတင်ဒါဖွင့်လှစ်မည့် နေရာ - တိုင်းဒေသကြီးညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၂၃-၄-၂၀၂၄ )ရက်မှ (၁၀ -၅-၂၀၂၄)ရက် အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့ | - | ဖုန်း-၀၅၂-၂၂၂၄၅၇၂ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၅)၊ ပြည်မြို့ | - | ဖုန်း-၀၉-၄၂၀၇၀၂၇၄၉ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၉)၊ ပဲခူးမြို့ | - | ဖုန်း-၀၉-၉၇၁၇၉၉၆၁၇ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့ | - | ဖုန်း-၀၉-၄၃၁၈၇၁၈၇ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင် | - | ဖုန်း-၀၉-၄၂၈၀၁၉၃၁၅ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ညောင်လေးပင်ခရိုင် | - | ဖုန်း-၀၉ -၄၀၁၅၅၆၅၄ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ တောင်ငူခရိုင် | - | ဖုန်း-၀၉-၅၃၅၁၅၀၂ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သာယာဝတီခရိုင် | - | ဖုန်း-၀၉-၂၅၃၅၂၁၅၃၃ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ နတ္တလင်းခရိုင် | - | ဖုန်း- ၀၉-၄၂၃၆၇၈၃၃၅ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင် | - | ဖုန်း-၀၉-၄၅၂၃၃၂၉၈၃ |

**တင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဟန်နီစိုး စီဒီစီအမှတ်(၇၂၁၃၂)၏ စီဒီစီ စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-687446420**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၆၆၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၃၆၆)၊ ပေါက်ကံ(၁)လမ်း၊ ၂၁/ရွှေပေါက်ကံရပ်ကွက်၊ ဦးစိုးညွန့်(ISN-181712)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးစိုးညွန့်(ခင်ပွန်း)သည် (၅-၄-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်တင်ရီ[၁၂/ဥကမ(နိုင်)၀၂၀၁၂၉]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၅၈၉/၂၀၂၄(၈-၂-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

# တောဘိတိတ် (ခ) ဒေါ်ရီ

## အသက် (၁၀၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၃၂)နေ[စောပေစွိ(ခ)ဦးအေး]၏ ချစ်လှစွာသော ဇနီး၊ [စောလိုင်ဟင်း(ခ)ဦးလှမောင်]-အန်တူဘော(ခ)ဒေါ်သန်းမြင့်၊ စောစွမ်တီ(ခ)ဒေါ်လှလှအေး-[ကွာဝမ်စိန်(ခ)ဦးဝမ်စိန်]၊ [စောရှုခင်း(ခ)ဒေါ်တင်တင်အေး]-တီကာထျုန်း(ခ)ဦးထွန်းထွန်း၊ စောလျုံဝှက်(ခ)ဦးမျိုးအေး-ငေါ်လေယော့(ခ)ဒေါ်ထွေးထွေး၊ စောအိမ်ဝှက်(ခ)ဦးအောင်မြင့်-ဒေါ်ခင်ဖြူလေး၊ [စောလေဝှက်(ခ)ဦးကျော်မြင့်]တို့၏ မိခင်၊ စောဝှက်ဝှါး(ခ)မဇင်မာမြင့်၊ စောစေ့တျုံ(ခ)ကိုနေမျိုးကျော်၊ စောဝှက်အင်(ခ)မစန္ဒာအေး-လင်းကျင်လွင်(ခ)ကိုမြတ်သောင်းနိုင်၊ စောလေအင်(ခ)ဒေါက်တာသက်ထားနွယ်နှင့် မြေးစုစုပေါင်း(၁၃)ယောက်တို့၏ အဘွား၊ မြစ်(၆)ယောက်တို့၏ ဘွားဘွားကြီး တောဘိတိတ်(ခ)ဒေါ်ရီသည် ၁၅-၄-၂၀၂၄ ရက်နေ့ ည ၉:၀၈နာရီအချိန်တွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

၁၉-၄-၂၀၂၄ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ရေဝေးအအေးတိုက်ခန်းမမှ ဖုကျန့် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီ၌ ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်၊ တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

# ဒေါ်ကျင်အေး

## အသက် (၈၄)နှစ်

Mother Group of Companies ဥက္ကဋ္ဌ ဦးအောင်မြတ်၏ မွေးသမိခင်ကျေးဇူးရှင် မိခင်ကြီး (ဒေါ်ကျင်အေး)သည် ၁၃-၄-၂၀၂၄ ရက် (စနေနေ့) နံနက်ပိုင်းတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Mother Industrial Co., Ltd.**
**Managing Director ဦးစိုးရီ နှင့်**
**ဝန်ထမ်းမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

## တွဲဖက်ပါမောက္ခ ဒေါက်တာစုဟန်ထက်

### အသက်(၄၈)နှစ်

ရန်ကုန်မြို့ ၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၈/B)၊ အခန်း (၃/B) ကျောက်ကုန်းကွန်ဒိုနေ တွဲဖက်ပါမောက္ခ ဒေါက်တာစုဟန်ထက် (ဆေးတက္ကသိုလ်၊ တောင်ကြီး)သည် ၁၅-၄-၂၀၂၄ (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာချိုချိုမြင့်**
**ဒေါက်တာငြိမ်းမောင်မောင်**
**ရောဂါဗေဒဌာန**
**ဆေးတက္ကသိုလ်၊ တောင်ကြီး**

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် ဠ-၈၊ ဦးပိုင်အမှတ် (၇၆-ခဲစင်း)၊ ၆၄x၆၅ လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းဝင်းစိန် [၁၃/သပန (နိုင်) ၀၁၄၃၃၇]က အမှုတွဲအမှတ်- ၀၁၉၄/၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုးလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- ၁ ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၂၊ ဦးပိုင်အမှတ်(၆၂-ဏ/၆၃-ဌ/ခဲစင်း)၊ ၆၈x၆၉ လမ်းကြား၊ ရေနီမြောင်းလမ်းနှင့် ၃၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချင်ဖု [၉/မရတ(နိုင်)၁၀၆၅၉၅] က အမှုတွဲအမှတ် ၀၁၈၄/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

# ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒေါ်သိန်းသိန်း

### ဆရာမ(ငြိမ်း) စိန်မိုက်ကယ်

### အ.ထ.က(၂)လသာ

## အသက်(၈၅)နှစ်

အမှတ်(၉၇)၊ ဘုန်းကြီးလမ်း၊ ငါးလွှာ၊ (၅)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေ (ဦးတင်-ဒေါ်မြတင်)တို့၏သမီး၊ (ဦးမြ)၊ ဒေါ်စောမြင့်၊ (ဒေါ်ခင်မြင့်)၊ ဒေါ်သန်းသန်း၊ (ဦးကျော်ဟန်)၊ (ဒေါ်အေးအေး)တို့၏ ညီမ၊ (ဦးခင်နေဝင်း)၊ ဒေါ်ခင်စန်းယဉ်တို့၏ အစ်မသည် ၁၁-၄-၂၀၂၄ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်စန်းရင်

## အသက်(၈၂)နှစ်

အမရပူရမြို့၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ စာတိုက်တန်းရပ်နေ ဦးဘုန်းညွန့်၏ချစ်လှစွာသောဇနီး၊ ဒေါ်နွယ်နွယ်ဝင်း၊ ဦးလှအေး-ဒေါ်ခင်စန်းလွင်၊ ဦးအောင်မြင့်ခိုင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မခင်စန္ဒာလွင်၊ မောင်ကောင်းစည်သူကျော်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်စန်းရင်သည် ၁၆-၄-၂၀၂၄(အင်္ဂါနေ့)နံနက် ၁:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်အေးသန်းလွင် (Pamella Than Lwin) (ခ)

# ဒေါ်ခင်ခင်ဦး

### (ဗဟိုစာရင်းစစ်ရုံး-ငြိမ်း)

## အသက် (၇၆)နှစ်

ရန်ကုန်မြို့နေ [ဦးသန်းလွင် (မြို့မသန်းလွင်)-ဒေါ်နှင်းရီ]တို့၏ သမီးကြီး၊ ဦးမင်းဟန်-ဒေါ်လတ်သန်းလွင်၊ (ဒေါ်မေစီသန်းလွင်)၊ ဦးလူသန်း-ဒေါ်နိုင်နိုင်အေး၊ ဦးနိုင်သန်း-ဒေါ်ခင်ယုဝေ၊ ဦးဝင်းမော်-ဒေါ်ခင်ခင်လေး၊ Capt ကိုကိုနိုင်-ဒေါ်ခင်ခင်ဆွေ၊ ဒေါ်ခင်ခင်စုတို့၏ အစ်မကြီး၊ မခင်ငြိမ်းငြိမ်းအေး၊ ကိုဝင့်ကို၊ ကိုကောင်းဇံ-မဝိုင်းရွှေယံလင်း၊ ဒေါက်တာကောင်းဇော်-မဆုမီမီချို၊ ဒေါက်တာဟိန်းထက်အေး-ဒေါက်တာခင်လင်းမော်၊ ဒေါက်တာခင်မျိုးနိုင်၊ မဇင်ဇင်နိုင်၊ မရတနာသန်းတို့၏ ကြီးကြီးဖြစ်သူသည် ၁၄-၄-၂၀၂၄ (တနင်္ဂနွေနေ့) ည ၉:၁၀ နာရီတွင် အာယုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၅-၄-၂၀၂၄ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၁၉၊မြေကွက်အမှတ်-၂၁၆၊မြေကွက်တည်နေရာအမှတ်-၂၁၆၊(၁၁၉)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်ခင်လေးနွဲ့(CE-၀၉၄၉၈၀)(၁၂/ရကန(နိုင်)၀၂၄၇၄၃)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်-ဒေါ်ခင်လေးနွဲ့ကိုယ်တိုင်မှပါမစ်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်နှင့်ကျမ်းကျိန်လွှာ၊ပါမစ်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်မြေကွက်လပ်ဖြစ်ပြီးကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသည်။သို့ဖြစ်ပါ၍ပါမစ်အမည်ပေါက်ဒေါ်ခင်လေးနွဲ့ကိုယ်တိုင်မှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၁၀၄၆၊မြေကွက်တည်နေရာအမှတ်-၁၀၄၆၊ကြေးတိုင်စု(၁)လမ်း၊(၁၃)ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ်၊ဦးအေးငွေ(AA-၁၂၅၇၅၇)၊ဧရိယာ(၂၄၄၅စတုရန်းပေ)(၄၀.၉'×၆၀')ကော၊နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးအေးငွေ(ခင်ပွန်း)သည်(၁၅-၁၁-၂၀၀၀)နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်ပြုံး(၁၂/ကမရ(နိုင်)၀၁၉၆၄၁)မှတရားဝင်တစ်ဦးတည်းသော(ဇနီး)တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာများ၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်(Portion)ပုံဖြင့်မြေပုံကူးလျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်(၁)ထပ်သွပ်မိုးပျဉ်ကာ(၁)လုံးတွင်လျှောက်ထားသူကိုယ်တိုင်နေထိုင်ပြီးRC(၁)ထပ်(၁)လုံး(သော့ပိတ်)တွင်အရပ်စာချုပ်ဖြင့်ရောင်းချထားပါသည်။ကွင်းဆင်းသိရှိကြောင်းအားလျှောက်ထားသူနှင့်အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူတို့မှလက်မှတ်ရေးထိုးပေးပါသည်။သို့ဖြစ်ပါ၍ဒေါ်ပြုံးမှပိုင်ဆိုင်ကြောင်းနှင့်အရောင်း(Portion)ဖြင့်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# (၁၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ကြည်း ၇၆၃၁

## ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၇-၄-၂၀၂၄ ရက်တွင် (၁၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း မိသားစုအားလုံးက ဖခင်ကြီး၏ ကျေးဇူးတရားများကို သတိရ အောက်မေ့ဆဲပါ။ ဖခင်ကြီးအတွက် ရည်စူး၍ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ ဖခင်ကြီး ရောက်ရာ အေးချမ်းမြင့်မြတ်သောဘုံဘဝမှ မြင်နိုင်ကြားနိုင် သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်လှမြိုင်နှင့် သားသမီး**
**မြေးမြစ်များ**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

# ဦးဖုန်းကျော်

## အသက်(၆၇)နှစ်

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားခဲ့တာ ၁၄-၄-၂၀၂၄ ရက်တွင် (၁)လပြည့်မြောက်ခဲ့ပါပြီ။ အဖေ့ကို ဘယ်တော့မှပြန်မတွေ့ရဘဲ ထာဝရခွဲခွာခြင်းဆိုတာသိပေမယ့် နေ့တိုင်းသတိရပြီး ဝမ်းနည်းနေဆဲပါ။ ဖခင်ကြီးအား ရည်စူး၍ မိသားစုပြုသမျှ ကုသိုလ်အစုစုကို ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အဖေရေ အမျှ-အမျှ-အမျှ

**ကျန်ရစ်သူမိသားစု**
**ဇနီး- ဒေါ်ကြူကြူ**
**သမီး- ဝတ်ရည်ဖုန်း**
**သား- မင်းသူဖုန်း၊ ကောင်းမြတ်ဖုန်း**

# "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ ည-ရပ်ကွက်၊ ရော(၂၂)လမ်း၊ မြေကွက်အမှတ်(၁၂၂၇-၁/၂)၊ ဧရိယာအကျယ်အဝန်း (အလျား- ၂၀ပေx အနံ- ၆၀ပေ)ရှိ ဒေါ်တင်တင်မူ [၁၂/ဥကမ(နိုင်)၀၈၀၀၆၆] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိသူဖြစ်သော နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်တင်တင်မူ [၁၂/ဥကမ(နိုင်)၀၈၀၀၆၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်မေလတ် [၁၂/ဥကမ(နိုင်)၀၀၂၀၈၅]က ဝယ်ယူရန်အတွက် ယင်းမြေကွက်၏ အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ယင်းမြေကွက်နှင့်ပတ်သက်သည့် အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မေလတ် [၁၂/ဥကမ(နိုင်)၀၀၂၀၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြတ်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၈၃)**
**အမှတ်(၈၈၆)၊ အောင်စေတီလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၇၀၅၃၀၂၊ ၀၉-၉၇၃၈၆၆၈၄၈**

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် ဠ-၈၊ ဦးပိုင်အမှတ် (၇၆/ခဲစင်း)၊ ၆၄x၆၅ လမ်းကြား၊ ကျန်စစ်သားနှင့် ဇော်ဂျီလမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းဝင်းစိန် [၁၃/သပန(နိုင်)၀၁၄၃၃၇]က အမှုတွဲအမှတ် ၀၁၉၁/၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်- ၂၉၅၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၂၉၅၊ ရွာမလမ်း၊ ယမုံနာ- ၂ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်သန်းသန်းမြင့် [၁၂/ဒပန(နိုင်)၀၄၀၃၂၄]၊ ဒေါ်တင်လှိုင် [၁၂/ဒပန(နိုင်)၀၅၀၁၄၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်လှိုင်တို့အပေါ် တရားပြိုင်ထားကာ ဦးစိုးဝင်းမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၉ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ်ချမှတ်သည့် (၁၉-၅-၂၀၂၁)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၄၂/၂၀၂၂ ၏ (၂၇-၄-၂၀၂၂)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၁၆-၅-၂၀၂၃ ရက်စွဲပါစာအမှတ်- ၁၁၁(က)/၁၃-၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တင်ပြ၍ တရားရှုံးများကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

**❖ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကိုဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ၁၂၀၀ ကျော် ခေါ်ယူမည်

ရန်ကုန် မေ ၁၆

ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၂၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။

မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာ လက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ် ၅ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၃ ခုနှင့်ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ရာတွင် အထက်ပါအချက်အလက်များ ပါဝင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၃၀ ကျော်၊ အမျိုးသမီး ၉၄၀ ကျော် စုစုပေါင်းဦးရေ ၁၂၀၀ ကျော်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။ မြန်မာသံရုံးအနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပိုလာသည့် အလုပ်ကမ်းလှမ်းစာ ( Demand Letter )များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း အထက်ပါသံရုံးက ဆိုထားသည်။

**စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ☆**

---



## အာရှဖလားဖူဆယ်ပြိုင်ပွဲ ယနေ့ ကျင်းပမည် မြန်မာအသင်း ဗီယက်နမ်နှင့် စတင်ကစားရမည်

ရန်ကုန် မေ ၁၆

၂၀၂၄ အာရှဖလားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲများကို မေ ၁၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○

---

## ၁၃၈၆ ခုနှစ် မြန်မာ့နှစ်သစ်ကူး အထူးဓမ္မသဘင်ကျင်းပမှု MRTV မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၁၆

မြန်မာ့နှစ်သစ်ကူး အထူးဓမ္မသဘင်ကို (မြန်မာနှစ်ဆန်း တစ်ရက်နေ့) မေ ၁၇ ရက်မှ စတင်၍ ၁၉ ရက်အထိ နေ့စဉ် ည ၇ နာရီမှစပြီး ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ MRTV မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အထူးဓမ္မသဘင်တွင် မေ ၁၇ ရက် ဗုဒ္ဓဟူးနေ့ည၌ သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ မေ ၁၈ ရက် ကြာသပတေးနေ့ည၌ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မေ ၁၉ ရက် သောကြာနေ့ည၌ အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရတို့က တရားတော်များဟောကြားကြမည်ဖြစ်ရာ ထိုသို့ဟောကြားမှုများကို MRTV Parliament Channel၊ MRTV NRC Channel၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ရွှေ FM၊ ပဒုမ္မာဝတီ FM၊ ချယ်ရီ FM၊ မန္တလေး FM၊ FM ပုဂံ နှင့် Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

---

**ယနေ့ ဖတ်စရာ**



စာမျက်နှာ » ၁၉

**ပုလောမြို့နယ် ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများ၏ Drop Bomb ပစ်ချတိုက်ခိုက်မှုကြောင့် ကလေးကုသဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲပြီး ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ**

**မလေးရှားနိုင်ငံက နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချမည့် စွမ်းအင်စင်္ကြံတည်ဆောက်မည်**

စာမျက်နှာ » ၂၀